# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၄)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် ဒေသတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း**


နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ရုံးခန်းဖွင့်လှစ်ရေးနှင့် ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး စာ-၆

ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်ပြီး တည်ငြိမ်အေးချမ်းလာသည်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည် စာ-၆

သံလွင်မြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူစေသည့် သံလွင်မြစ်ကူးတံတား(ဘားအံ) စာ-၇

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်)

# ထိန်းသိမ်းအပ်ပေ မြန်မာ့ယဉ်ကျေးမှုအမွေ

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများရှိကြ၏။ နိုင်ငံတစ်နိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ထိုနိုင်ငံရှိ လူမျိုးတို့၏ သမိုင်းပင်ဖြစ်၏။ ထိုသမိုင်းသည် နိုင်ငံနှင့် လူမျိုးတို့၏ဂုဏ်ရောင်ကို ထွန်းပြောင်စေ၏။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့်အတူ သမိုင်းဂုဏ်ရောင်ထွန်းပြောင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့လက်ထက်တွင် ယဉ်ကျေးမှုများ ထွန်းကားခဲ့၏။ ထိုယဉ်ကျေးမှုများသည်ကား ယနေ့မျက်မှောက်ခေတ်တွင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်း အမွေအနှစ်များအဖြစ်တည်ရှိနေ၏။ ရှေးဟောင်းယဉ်ကျေးမှုဟူသည် လူမျိုးတိုင်း၏ သမိုင်းမှတ်တိုင်များပင်ဖြစ်၏။

''ကမ္ဘာမှာ မြန်မာဟေ့''ဟု ဂုဏ်ယူဝင့်ကြွားနိုင်ခြင်းကပင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထွန်းကားခဲ့ခြင်းကြောင့်ပင်ဖြစ်၏။ မြန်မာလူမျိုးတို့၏ တန်ဖိုးပင်ဖြစ်၏။ ထိုယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်စေရန် အရေးကြီးလှပေသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအထွန်းကားဆုံး ဒေသတစ်ခုကိုပြပါဆိုလျှင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကိုညွှန်းဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်ဟူမူ အေဒီ ၁၀၄၄ ခုနှစ် နန်းတက်သော အနော်ရထာမင်းစောမှ အစချီကာ မင်းဆက်အသီးသီးတို့လက်ထက် တည်ထားခဲ့သော စေတီပုထိုးများ လက်ညှိုးထိုးမလွဲတွေ့မြင်နေရသောကြောင့်ပင်ဖြစ်၏။ ထိုစေတီပုထိုးများတွင်ကား ရှေးခေတ်မြန်မာတို့၏ ပန်းချီ၊ ပန်းပု၊ အနုပညာလက်ရာများနှင့် ဗိသုကာအတတ်ပညာများ လေ့လာတွေ့ရှိနိုင်ပေသည်။

စေတီပုထိုးများ၏ အတွင်းနံရံများ၌ ဆေးရေးပန်းချီများကိုတွေ့ရသကဲ့သို့ မင်စာ၊ ကျောက်စာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာအစရှိသဖြင့် တွေ့ရ၏။ ဤသည်တို့မှာ မြန်မာလူမျိုးတို့၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပေတည်း။ ကမ္ဘာတည်သရွေ့ယဉ်ကျေးမှုတည်ရှိရမည် ဆိုသည့်စကားအတိုင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပေသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီက တကောင်း၊ ပျူ စသော ခေတ်အသီးသီး၌လည်း ယဉ်ကျေးမှုများ ထွန်းကားခဲ့ကြောင်း သမိုင်းများတွင် ဖော်ပြ၏။ ထိုခေတ်ထိုအခါက စေတီပုထိုးများသည် ယနေ့ခေတ်တွင် သမိုင်းအမွေအနှစ်များအဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။ ထိုရှေးဟောင်းအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏သမိုင်းကိုဖော်ပြနေသလို ဂုဏ်ယူဖွယ်ရာလည်း ကောင်းပေသည်။ထိုသမိုင်းယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထင်ဟပ်လျက်ရှိ၏။

ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရအဆက်ဆက်လက်ထက်တို့တွင် မြန်မာတို့၏ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ်ထိန်းသိမ်းလျက်ရှိကြ၏။ ရှေးမူလက်ရာများမပျက်ပြုပြင်လျက်ရှိ၏။ ထိုသို့ ထိန်းသိမ်းလျက်ရှိရာတွင် အသိပညာရှင်များ၊ သမိုင်းသုတေသီများ၊ ကျွမ်းကျင်ပညာရှင်များက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထိန်းသိမ်းလျက်ရှိပေသည်။

ဤသို့ တန်ဖိုးမဖြတ်နိုင်သော မြန်မာတို့၏ရှေးဟောင်းယဉ်ကျေးမှုဒေသများကို ယနေ့ကမ္ဘာက စိတ်ဝင်စားနေ၏။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၏ ခရီးသွားလေ့လာစရာနေရာများအဖြစ်တိုးတက်ပြောင်းလဲလာသည်။ ယဉ်ကျေးမှုအမွေအနှစ်သည် ကြာလေတန်ဖိုးကြီးမားလေဖြစ်၏။ ထိုယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဆွဲဆောင်မှုကောင်းအောင်ဆောင်ရွက်နိုင်လေ နိုင်ငံအတွက်ဂုဏ်ယူဖွယ်ရာဖြစ်သလို အကျိုးများစွာလည်းရှိပေလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေကြစေရန်မှာ ပြည်သူတစ်ရပ်လုံး၏ ပင်မတာဝန်တစ်ခုပင်ဖြစ်ရာ ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကောမပပျောက်စေရန် ပူးပေါင်းလျက် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၅)တွင် ပင်မကျောင်းဆောင်နှင့် ကျောင်းဆောင်သစ်ဆက်သွယ်သည့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်ရွှေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၂၀)

# ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ယာဉ်ပိတ်ဆို့မှုမရှိစေရေးအတွက် လူစည်ကားရာနေရာများဖြစ်သည့် ထန်းခြောက်ပင်လမ်းဆုံ၊ အမှတ်(၉)ရပ်ကွက် (၃)ထိပ်လမ်းဆုံ၊ လှော်ကားတာဆုံတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ဦးဆောင်၍ တာဝန်ရှိသူတို့က ယာဉ်ကြောနှစ်ထပ်ဖြစ်ပြီး ပိတ်ဆို့မှုမရှိစေရန်အတွက် ခရီးသည်တင်ယာဉ်များကို (ရပ်၊ တင်၊ ထွက်)စနစ်ကျင့်သုံး၍ မောင်းနှင်ကြရန်နှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာကြရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

# ပွင့်ဖြူ၌ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀

ဧပြီ ၁ ရက်တွင်ကျင်းပမည့် ပွင့်ဖြူမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်စိန်၊ မင်းဘူးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့်တွေ့ဆုံ၍ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မောင်က ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမျိုးသမီးရေးရာသိကောင်းစရာ သင်္ဃန်းကျွန်း၌ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သင်္ဃန်းကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အသိပညာပေးဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက အလက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအောင်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ဖြူဝင်းက အမျိုးသမီးရေးရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

## ပညာပေးဟောပြော

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်က ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပြီး ဆရာမဒေါ်ခင်မြင့်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်အေးသီက အမျိုးသမီးများနှင့်သက်ဆိုင်သောဥပဒေရေးရာ သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအောင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းထံ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၂၅)

# ထမနဲထိုးပြိုင်ပွဲ ကျိုင်းတုံမြို့နယ်၌ကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်း၊ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်း (၁၄) သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် တာဝန်ရှိသူများက ပထမဆုရ ပညာရေးအသင်း၊ ဒုတိယဆုရ အမှတ်(၅) ရပ်ကွက်အသင်း၊ တတိယဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် ယှဉ်ပြိုင်ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဟင်္သာတမြို့နယ်၌ ပညာရည်ချွန်ဆု ပေးအပ်

ဟင်္သာတ ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဆရာ ဆရာမများ ခွင့်ရက်မပျက်ဆုများပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပညာရေးမှူး ဒေါ်အုံးနွဲ့တို့က အောင်ချက်မြင့်မားရေးများ ဆွေးနွေးမှာကြားပြီး အမက (၁၁)တွင် ၁၄ နှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရ ဆရာမ ဒေါ်စန်းစန်းဝင်း၊ (၁၀)နှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရ ဆရာမ ဒေါ်နော်စောနွယ်မြင့်၊ သုံးနှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရ ဆရာမဒေါ်အုံးရည်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများပေးအပ်သည်။ **(အောက်ပုံ)** ဆက်လက်ပြီး ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၅)

# တောင်ငူမြို့နယ်၌ လမ်းဖွင့်ပွဲကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၂၀

တောင်ငူမြို့နယ် ဟံသာဝတီလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ တောင်ငူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြေကျော်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါလမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၉၀၀ ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၈၆ သိန်းကျော် ကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှု မော်ကျွန်း၌ဆွေးနွေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

၂၀၁၁ခုနှစ် မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲနှင့် ၂၀၁၂ခုနှစ်တွင် ဆောင်ရွက်မည့် လူထုကျန်းမာရေးလုပ်ငန်းများ စီမံချက်ရေးဆွဲရေး ဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအောင်တို့က လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအပေါ် အမှာစကားပြောကြားကြသည်။

## တက်ရောက်

အဆိုပါ မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲသို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ် အဆင့်(၁)နှင့်(၂)တို့မှ အခြေခံ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ငါးသယံဇာတဖွံ့ဖြိုးရေး ရွှေကျင်၌ ဆွေးနွေး

ရွှေကျင် ဖေဖော်ဝါရီ ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူဖြစ်စေရန် ငါးသယံဇာတဖွံ့ဖြိုးထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ရွှေကျင်မြို့နယ် အင်းဂနီကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ငါးသယံဇာတဖွံ့ဖြိုးထိန်းသိမ်းရေး ရည်ရွယ်ချက်များကို ဆွေးနွေးပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်တိုးက တစ်နိုင်တစ်ပိုင်ငါးမွေးကန်များ တူးဖော်ရေး၊ အင်းအိုင်များအတွင်း သဘာဝအလျောက်ပေါက်ရောက်နေသည့် သစ်ပင်ချုံနွယ်များ မပျက်စီးရေး၊ ဘက်ထရီဖြင့် ရှော့ခ်ရိုက်၍ ငါးမဖမ်းဆီးရေးနှင့်ငါးသားပေါက်များ ဖြည့်ဆည်းပံ့ပိုးပေးနေမှုများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

* *ကျောဖုံးမှ*

ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၈ ပုဒ်မခွဲ (က)တို့ အရ သစ်တောရေးရာဝန်ကြီးဌာန၏ ၁၉၉၈ခုနှစ် နိုဝင်ဘာ ၁၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၈/၉၈)ဖြင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့ပါကြောင်း။

**ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ဟိမဝန္တာအရှေ့ဖျားနှင့်ဆက်စပ်နေသော မြန်မာ့မြောက်ဖျား ဆက်စပ်သစ်တောများဟု ကမ္ဘာ့အသိအမှတ်ပြု ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝပြီး စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရမည့် ထင်ရှားသောနေရာတစ်ခု အတွင်း ပါဝင်နေပါကြောင်း၊ လက်ရှိကာလများအတွင်း ယင်းဒေသမှ သိပ္ပံပညာရပ်အတွက် များစွာအထောက်အကူဖြစ်စေသည့် မျိုးစိတ်အသစ်များ ထပ်မံတွေ့ရှိရပြီး ကမ္ဘာ့သုတေသီများ၊ သိပ္ပံပညာရှင်များအား ဆွဲဆောင်မှုအလွန်ကောင်းသည့် သဘာဝနယ်မြေတစ်ခု ဖြစ်ပါကြောင်း။**

## သုံးစွဲခွင့်ပြု

**၁၉၉၄ခုနှစ် ဇွန်လ ၈ ရက်တွင်ပြဋ္ဌာန်းခဲ့သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ဂ)တို့ဖြင့် သဘာဝအပင်များအား တူးယူခြင်း၊ ဆွတ်ခူးခြင်း၊ စုဆောင်းခြင်း၊ ချိုးဖွဲ့ခြင်း၊ တစ်စုံတစ်ခုခု ပြုလုပ်ခြင်းတို့မှ ကာကွယ်ထားပါကြောင်း၊ သို့ဖြစ်၍ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းရှိ ရိုးပတီးနှင့် အခြားဆေးဖက်ဝင် သစ်မြစ်သစ်ဥများဖြစ်သော မချစ်ဥ၊ ခူရှားဥ၊ ခန်းတောက်မြစ်နှင့်ဆာချီခေါ် သစ်ဥများကို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းမှ စီးပွားဖြစ်ထုတ်လုပ်ရန် ကိစ္စရပ်အား ဥပဒေအရတားမြစ်ထားပါကြောင်း၊ သို့ရာတွင် ၂၀၀၂ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (ခ)အရ ခါကာဘိုရာဇီအမျိုးသားဥယျာဉ် သဘာဝနယ်မြေ၏ နယ်နိမိတ်အစပ်တွင် လည်းကောင်း၊ အတွင်းတွင်လည်းကောင်း လိုအပ်ပါက ကြားခံနယ်မြေသတ်မှတ်၍ ယင်းကြားခံနယ်မြေမှ ဖော်ပြပါ ဆေးဖက်ဝင်အပင်များကို စည်းကမ်းချက်များသတ်မှတ်၍ အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲခွင့်ပြုနိုင်မည် ဖြစ်ပါကြောင်း။**

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းဒေသနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အခြားဝင်ငွေတိုးလုပ်ငန်းများအတွက် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း မူဘောင်များအတွင်းမှ နည်းလမ်းများရှာဖွေ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၇)ဦး၏ လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်း(၇)ခုနှင့် စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင်၏ **ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက်၊ ရွှေပြည်သာယာရပ်ကွက်နှင့် သီတာမြိုင်ရပ်ကွက်တို့သို့ လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက်၊ ရွှေပြည်သာယာရပ်ကွက်နှင့် သီတာမြိုင်ရပ်ကွက်တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အေးမြသီတာရပ်ကွက်တွင် (၆ ဒသမ ၆) ကေဗွီလိုင်း ပေ(၁၃၀၀)၊ (၁၁-၆ ဒသမ ၆/၀ ဒသမ ၄)ကေဗွီ (၁၁၅)ကေဗွီအေ ထရန်စဖော်မာနှင့်(၄၀၀)ဗို့လိုင်း (၁ ဒသမ ၁)မိုင် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၄၈)သန်းခန့်ကိုလည်းကောင်း၊ ရွှေပြည်သာယာရပ်ကွက်တွင် (၃၃) ကေဗွီလိုင်း ပေ(၁၀၀)၊ (၃၃/ ၀ ဒသမ ၄)ကေဗွီ (၅၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် (၄၀၀)ဗို့လိုင်း(၂ ဒသမ ၄၁)မိုင် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ(၆၈)သန်းကို လည်းကောင်း အသီးသီး သုံးစွဲရမည်ဖြစ်ပါကြောင်း။

ထိုရပ်ကွက်(၃)ခုသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် စုစုပေါင်းကျပ်သန်း (၂၃၀)ကျော် လိုအပ်မည်ဖြစ်သည့်အတွက် ကျောက်တန်းမြို့နယ်တစ်ခုတည်းမှ ရပ်ကွက် (၃)ခုအား တစ်ပြိုင်တည်းဆောင်ရွက်ရန် ရန်ပုံငွေအကန့်အသတ်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်တစ်ခုချင်း နှစ်စဉ်ရန်ပုံငွေ တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံဒေသအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံဒေသတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တည်ဆောက်ထားသည့်(၆၆/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု ရှိပါကြောင်း၊ အဆိုပါဓာတ်အားခွဲရုံမှတစ်ဆင့်(၁၁)ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းများသွယ်တန်း၍ ဆီမီးခုံ(၁)မြစ်ရေတင်လုပ်ငန်း (၀ ဒသမ ၃၁၅)အမ်ဗွီအေ၊ ဆီမီးခုံ(၂)မြစ်ရေတင်လုပ်ငန်း(၃ ဒသမ ၇၃) အမ်ဗွီအေနှင့် ငါန်းမြွားမြစ်ရေတင်လုပ်ငန်းတွင် (၁ ဒသမ ၇) အမ်ဗွီအေ စုစုပေါင်း(၅ ဒသမ ၇၄၅) အမ်ဗွီအေ တည်ဆောက်တပ်ဆင်ထားပါကြောင်း။

**(၆၆/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံသည် မြစ်ရေတင်လုပ်ငန်း(၃)ခု၏ မူလလျာထားအကျိုးပြုဧက(၁၂၉၇၂)ဧကအတွက် တွက်ချက်ဆောင်ရွက်ထားခြင်း ဖြစ်သော်လည်း လက်ရှိရေပေးဝေ စိုက်ပျိုးသော (၂၀၅၉)ဧကအတွက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ(၂ ဒသမ ၅)မဂ္ဂါဝပ်ခန့်သာ အသုံးပြုသဖြင့် (၁ ဒသမ ၅)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပိုလျှံမှုရှိပါကြောင်း၊ ဆီမီးခုံဒေသရှိ မြစ်ရေတင်လုပ်ငန်းများမှ လက်ရှိရေပေးဝေစိုက်ပျိုးနေသော ဧကထက် ပိုမိုရေပေးဝေရန် ဒေသလျာထားချက်မရှိသည့် အတွက် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို ဆီမီးခုံဒေသဖွံ့ဖြိုးရေးအတွက်ခွဲဝေသုံးစွဲရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ခွင့်ပြုပေးနိုင်သည်ကို သိရှိရပါကြောင်း။**

**ထို့ကြောင့် ဆီမီးခုံဒေသအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် (၆၆/၁၁)ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံမှ (၁၁)ကေဗွီဓာတ်အားလိုင်းတိုးချဲ့ တည်ဆောက်ပြီး ရွာ၏လိုအပ်ချက်နှင့် အိမ်ရာများတည်ရှိမှု အနေအထားပေါ် မူတည်၍ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၂)လုံး သို့မဟုတ် (၃၁၅) ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးရမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များနည်းတူ ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းလျက် ကိုယ့်အားကိုယ်ကိုး တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မူဘောင်နှင့်ညီညွတ်ပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာများကိုလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု နွားမယံကျေးရွာ၌အသုံးပြုလျက်ရှိသော စွမ်းအင်ဝန်ကြီးဌာန၏(၁၀၀)ကေဗွီအေထရန်စဖော်မာအား (၂၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် ပြောင်းလဲတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု နွားမယံကျေးရွာသည် စွမ်းအင်ဝန်ကြီးဌာန ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲနှင့်နီးကပ်စွာတည်ရှိသဖြင့် စွမ်းအင်ဝန်ကြီးဌာန ရေနံမြေသို့ဓာတ်အားပေးထားသော (၁၁/၀ ဒသမ ၄)ကေဗွီ၊ (၁၀၀)ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားပေးထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်က မီးသုံးသူနည်းပါးသော်လည်း ယခုအခါ မီးသုံးသူဦးရေ (၂၁၀)ဦး တိုးတက်လာခြင်းကြောင့် ညအခါ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုလာ၍လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန၏ ဆီတင်စက်နှင့် ရေတင်စက်ကြီးများ မောင်းနှင်အသုံးပြုသည့်အခါ၌လည်းကောင်း လက်ရှိ (၁၁ ဒသမ ၄)ကေဗွီ၊ (၁၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် လုံလောက်မှုမရှိတော့သဖြင့် ကျေးရွာနှင့် ဝန်ထမ်းအိမ်ရာများသို့ လျှပ်စစ်မီးဖြတ်တောက်အသုံးပြုရပါကြောင်း။

သို့ဖြစ်၍ ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနပိုင်(၁၁/ ၀ ဒသမ ၄)ကေဗွီ၊ (၁၀၀)ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားမသုံးစွဲစေတော့ဘဲ (၁၁/ ၀ ဒသမ ၄)ကေဗွီ၊ (၁၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးအား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်၍ ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၏ **နဘား- မိုးညှင်း- မိုးကောင်း(၆၆)ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိရာ ယခုအခါရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သဖြင့် မည်သည့်ကာလတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်၊ ပို့လွှတ်ဖြန့်ဖြူးရာတွင် မိုးညှင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများပါဝင်မှု ရှိ/မရှိနှင့် ရှိပါက မည်သည့်ကျေးရွာများပါဝင်မည်၊ စီမံကိန်းအရ မပါဝင်သော ကျေးရွာများအနေဖြင့် လျှပ်စစ်မီး ရရှိလိုပါက မည်ကဲ့သို့ဆောင်ရွက်ရမည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နဘား- မိုးညှင်း- မိုးကောင်း(၆၆)ကေဗွီ ဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ နဘား-မိုးညှင်းအပိုင်းသည် (၉၅)ရာခိုင်နှုန်းခန့်၊ မိုးညှင်း-မိုးကောင်း အပိုင်းသည်(၈၂)ရာခိုင်နှုန်းခန့်နှင့် မိုးညှင်းမြို့နှင့် မိုးကောင်းမြို့တို့တွင် (၆၆/၁၁)ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုစီသည် (၅၀)ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပြီး ယခု ၂၀၁၁-၂၀၁၂ခုနှစ် ဓာတ်အားလိုင်းများ ပြီးစီးသည့်အချိန်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်မည်ဖြစ်ပါကြောင်း။

## ကူညီဆောင်ရွက်

**မိုးညှင်းမြို့နှင့်မိုးကောင်းမြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအနေဖြင့် အဆိုပါ ဓာတ်အားခွဲရုံများမှ (၁၁)ကေဗွီ ဓာတ်အားလိုင်းများတည်ဆောက်၍ ကျေးရွာများအတွင်း (၁၁/၀ ဒသမ ၄)ကေဗွီ ထရန်စဖော်မာများနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းများ တပ်ဆင်တည်ဆောက်ကာ လျှပ်စစ်မီးရယူနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများအား အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်သည့်နည်းတူ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ကျေးရွာများအလိုက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းလျက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသော ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ လိုက်နာရမည့်အချက်(၂၄)ချက်နှင့်အညီ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများမှတစ်ဆင့် လျှောက်ထားလာပါက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုသွားမည် ဖြစ်ပြီး ကျွမ်းကျင်မှုဆိုင်ရာများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဓာတ်အားစနစ်မရောက်ရှိသေးသည့် နိုင်ငံတစ်ဝန်းရှိ ဒေသများအား ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကချင်ပြည်နယ်အပြင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ကိုလည်း ဓာတ်အားရရှိရေး တစ်ပြိုင်တည်း ဆောင်ရွက်ပေးနေပါကြောင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်၊ မြစ်ကြီးနားမြို့ကြီးများသည် ဓာတ်အားလိုင်းများ ပြီးစီးပါက (၂၄)နာရီဓာတ်အားရတော့မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၏ **ခေါင်လန်ဖူးမြို့ပေါ်မီးလင်းရေးအတွက် အထမ်ချောင်း သုံးမိုင်အကွာ၌ အသေးစားရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အသေးစားနှင့်အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်မှ ဥပဒေပြုမှုရှိစေရမည်ဟု ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ အထမ်ချောင်းသည် ခေါင်လန်ဖူးမြို့နှင့် (၃)မိုင်ခန့်အကွာတွင် တည်ရှိပြီး ၂၀၀၈ခုနှစ်ခန့်က အသေးစားရေအားလျှပ်စစ်စက် တပ်ဆင်နိုင်မည့်အခြေအနေကို ဒေသမှစူးစမ်းလေ့လာခဲ့သည်ဟု သိရပါကြောင်း၊ ခေါင်လန်ဖူးမြို့တွင် လက်ရှိဓာတ်အားသုံးစွဲနေသော အိမ်ထောင်စု(၄၁)ဦးသည် လူနေအိမ်ခြေစုစည်းမှုရှိသဖြင့် မီးစက်ဖြင့် (၄၀၀)ဗို့လိုင်း တည်ဆောက်၍ ဓာတ်အားပေးနိုင်သော်လည်း ကျန်လူနေအိမ်ခြေများသည် တစ်ဦးနှင့်တစ်ဦး အလှမ်းဝေးသောကြောင့် အထမ်ချောင်းတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက် တပ်ဆင်ပါက (၃)မိုင်ခန့်အကွာမှ ဓာတ်အားပို့လွှတ်ရန်အတွက်လည်းကောင်း၊ လူနေကျယ်ပြန့်နေသော မီးသုံးသူများသို့ ဗို့အားနိမ့်ဓာတ်အားလိုင်းများ ရှည်လျားစွာတပ်ဆင်ရမည်ကဲ့သို့ လည်းကောင်း ဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ တစ်ဦးချင်း တစ်နိုင်တစ်ပိုင်အသုံးပြုသော နေရောင်ခြည်သုံး၊ လေအားသုံး စနစ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မီးသုံးသူဦးရေ ပိုမိုပေးနိုင်ရေးအတွက် (၃၀)ကေဗွီအေ ဓာတ်အားပေးစက်ဖြင့် တိုးမြှင့်ဓာတ်အားပေးရေးအတွက် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွင့်ပြုမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မီးစက်များဖြင့် ဓာတ်အားပေးသော မြို့များအတွက် စက်သုံးဆီအနေဖြင့် တစ်ရက်လျှင် (၂)နာရီစာသာ ဌာနကစိုက်ထုတ်ပေးပါကြောင်း၊ (၂)နာရီထက် ပိုမိုဓာတ်အားပေးလိုပါက ဒေသအာဏာပိုင်နှင့်မီးသုံးသူများ၏ အစီအစဉ်ဖြင့် စက်သုံးဆီဖိုးကျခံ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၏ **စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်နှင့် မုံရွာခရိုင် ချောင်းဦးမြို့တို့မှ (၃၃)ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းအား လျှပ်စစ်ဓာတ်အားခွဲဝေသုံးစွဲကွန်ရက်စနစ် ချိတ်ဆက်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြင်းမူမြို့တွင် မူလက (၃၃/၆ ဒသမ ၆) ကေဗွီ၊ (၂)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ပြီး မန္တလေးမြို့ရှိ တံခွန်တိုင် ဓာတ်အားခွဲရုံမှ(၃၃) ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ကာ စစ်ကိုင်းရွာသစ်ကြီးတို့ကို ဖြတ်လျက် မြင်းမူအထိ ရောက်ရှိ ဓာတ်အားပေးခဲ့ပါကြောင်း။

**အုန်းတောဓာတ်အားခွဲရုံ(ကံတလူ)အား ၂၀၁၀ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးသည့်အခါ မြင်းမူမြို့သို့ မန္တလေး(တံခွန်တိုင်)ဓာတ်အားခွဲရုံမှ ဓာတ်အားမပေးတော့ဘဲ အုန်းတော(ကံတလူ)မှ (၃၃) ကေဗွီဓာတ်အားလိုင်းဖြင့် ပို့လွှတ်ဓာတ်အားပေးခဲ့သဖြင့် ဓာတ်အားလိုင်းမိုင်(၂၀)လျော့နည်းသွားပါကြောင်း၊ ဗို့အားလည်း တိုးတက်ကောင်းမွန်လာခဲ့ပါကြောင်း၊ ထို့ထက် ပိုမိုကောင်းမွန်စေရန်အတွက် မြင်းမူမြို့တွင်(၃၃/ ၆ ဒသမ ၆) ကေဗွီ (၂)အမ်ဗွီအေ ထရန်စဖော်မာအစား (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ ထရန်စဖော်မာ(၁)လုံးအား ၂၀၁၀ပြည့်နှစ် စက်တင်ဘာအတွင်းက တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြို့တွင်းရှိ ဖြန့်ဖြူးရေးထရန်စဖော်မာများကိုလည်း (၆ ဒသမ ၆/၀ ဒသမ ၄) ကေဗွီအစား (၁၁/၀ ဒသမ ၄) ကေဗွီ ထရန်စဖော်မာများဖြင့် လဲလှယ်တပ်ဆင်ပေးခဲ့ပါကြောင်း၊ အကြောင်းကြောင်းကြောင့် ဓာတ်အားပြတ်တောက်မှုများ ရှိသော်လည်း (၂)ရက်၊ (၃)ရက် နေ့/ည တစ်ဆက်တည်း ဓာတ်အားပြတ်တောက်မှုမျိုး မရှိပါကြောင်း၊ ဓာတ်အားလိုင်းသစ်များတည်ဆောက်ရာ၌ မလွတ်ကင်း၍ နေ့ပိုင်းဓာတ်အားပိတ် အလုပ်လုပ်ပြီး ညပိုင်းဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးသည့် အခြေအနေမျိုးသာ ရှိပါကြောင်း။**

မြင်းမူမြို့သည် ချောင်းဦးမြို့ (၃၃)ကေဗွီဓာတ်အားခွဲရုံမှ မိုင်(၂၀)ကွာဝေးသော်လည်း ပင်မဓာတ်အားခွဲရုံမှာ မုံရွာမြို့တွင်တည်ရှိသဖြင့် မြင်းမူမြို့သည် ပင်မဓာတ်အားခွဲရုံမှ (၇၇)မိုင်ခန့် ကွာဝေးပါကြောင်း၊ မုံရွာနှင့် ချောင်းဦးမြို့ကြားရှိ ဓာတ်အားလိုင်းကြိုးမှာ ချောင်းဦးမြို့တစ်မြို့တည်းအတွက်သာ ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်၍ အရွယ်အစား သေးငယ်ပါကြောင်း၊ သို့ဖြစ်ရာ မြင်းမူမြို့အား ချောင်းဦးနှင့် ချိတ်ဆက်ရန်အတွက် (၃၃)ကေဗွီ ဓာတ်အားလိုင်းအသစ် မိုင်(၂၀)တည်ဆောက်ရမည်ဟု သာမန်အားဖြင့် သုံးသပ်ထင်မှတ်ရသော်လည်း ကြိုးအရွယ်အစားကြီးကြီးဖြင့်(၃၃)ကေဗွီ ဓာတ်အားလိုင်း အသစ်တစ်လိုင်းကို မုံရွာမြို့ရှိ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံမှ(၇၇)မိုင် တည်ဆောက်ရမည့် အနေအထားဖြစ်ပါကြောင်း၊ နည်းပညာပိုင်းအရ သင့်လျော်မှုမရှိပါကြောင်း၊ အဆိုပါ(၃၃)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းအတွက် အကြမ်းဖျင်း ကုန်ကျစရိတ်မှာ စုစုပေါင်းကျပ်သိန်း(၈၀၀၀)ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း ဓာတ်အားစနစ် မရောက်သေးသည့် နေရာများအတွက် ဓာတ်အားလိုင်းများစွာ တည်ဆောက်ရဦးမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများတွင် ငွေကြေးများစွာ ကုန်ကျရဦးမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မြင်းမူမြို့နှင့် ချောင်းဦးမြို့တို့မှ(၃၃)ကေဗွီဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားခွဲဝေသုံးစွဲကွန်ရက်စနစ် ချိတ်ဆက်တည်ဆောက်ပေးရန် မလိုအပ်သည့်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**အဆိုတင်သွင်းခြင်းကဏ္ဍ**တွင် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရ ပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် လွတ်လပ်ပြီး အများပြည်သူယုံကြည်လက်ခံနိုင်သော အမျိုးသား အဂတိလိုက်စားမှု တားမြစ်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်ကတိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်းသိရသည်။

## တင်ပြ

**ဥပဒေကြမ်းဆွေးနွေးအတည်ပြုခြင်းကဏ္ဍ**တွင် ဖေဖော်ဝါရီ ၁၅ ရက်က တင်သွင်းခဲ့သော **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်များအပေါ် အားလုံးသဘောတူညီပါကြောင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာတင်ပြထားသည့် ပြင်ဆင်ချက် ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်း၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ အပိုဒ် ၄၉အောက်တွင် အပိုဒ်အသစ်အဖြစ် ထပ်မံဖြည့်စွက်ရန် အဆိုပြုချက်ကိုလည်း မူအားဖြင့်သဘောတူပါကြောင်း၊ သို့ရာတွင် အဆိုပြုချက်တွင် ပါရှိသည့် စကားရပ်များနှင့်ပတ်သက်၍ ဤဥပဒေကြမ်း၏အခန်း(၁)တွင် ဖော်ပြပါရှိသည့်စကားရပ်များအတိုင်း အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရန် ပြန်လည်ပြင်ဆင်လိုပါကြောင်းဖြင့် တင်ပြသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြည်ထောင်စုဝန်ကြီး၏ပြင်ဆင်ချက်အဆိုသည် လျော်ကန်သင့်မြတ်သည့်အတွက် လက်ခံပါကြောင်းဖြင့်တင်ပြသည်။

## အတည်ပြု

လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသော အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူရာ သဘောမတူသူမရှိသည့်အတွက် **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မြန်မာနိုင်ငံအတွင်း အလုပ်သမားအဖွဲ့အစည်းများကို မကြာမီကာလ၌ ဥပဒေနှင့်အညီ လွှတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုနိုင်ရေးအတွက် *စာမျက်နှာ ၈ ကော်လံ ၁ သို့*

နိုင်ငံတကာသတင်းများ

# အာဖဂန်နစ္စတန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ

ကဘူးလ် ဖေဖော်ဝါရီ ၂၀

နေတိုးအဖွဲ့က ချက်ချင်းအတည်မပြုသေးသော်လည်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နေတိုးရဟတ်ယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၈ ရက်က ပျက်ကျခဲ့ကြောင်း ဒေသခံအရာရှိတစ်ဦးက ပြောကြားသည်။ **(အပေါ်ပုံ)**

**ပြောကြား**

နေတိုးရဟတ်ယာဉ်ပျက်ကျခြင်းအကြောင်းကို နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးအဖွဲ့အရာရှိများက စုံစမ်းလျက်ရှိကြောင်း၊ သို့သော် ယခုအခါ ရဟတ်ယာဉ်ပျက်ကျသည့် အထောက်အထားများမတွေ့ရသေးဟု နေတိုးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဂျပ်စတင်က ပြောကြားသည်။

အမေရိကန်ရဟတ်ယာဉ်တစ်စင်းပျက်ကျကြောင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လက်မင်ပြည်နယ်ရဲမှူးကြီး အဗ္ဗဒူရှမန်ဆာချန်က ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိဟု သိရှိရသည်။ **(အင်တာနက်)**

# မိုဂါဒစ်ရှူး၌ ဗုံးခွဲတိုက်ခိုက်မှု အယ်ရှာဘက် အရှိန်မြှင့်ရန်စီစဉ်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၀**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်ရှိ ယာယီအစိုးရတပ်ဖွဲ့ဝင်များနှင့် အာဖရိကသမဂ္ဂ(အေယူ) တပ်ဖွဲ့ဝင်များကို အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ မဟာမိတ်အဖွဲ့ဖြစ်သည့် အယ်ရှာဘက်အကြမ်းဖက်အဖွဲ့က ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြှင့်ရန် ဆုံးဖြတ်ထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အနောက်အုပ်စုထောက်ခံမှုရပြီး အင်အားနည်းသည့် ယာယီအစိုးရကို အာဏာမှဲ့သွားရန်နှင့် အာဖရိကသမဂ္ဂ(အေယူ)တပ်ဖွဲ့ဝင်များ တိုင်းပြည်မှ ထွက်သွားရေးအတွက် အယ်ရှာဘက်အကြမ်းဖက်တပ်ဖွဲ့က ဗုံးခွဲရန် ပြင်ဆင်ထားကြောင်း အယ်ရှာဘက်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရှိတ်အက်ဒီအဇစ်အဘူမူဆာက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၁၇ ရက်က မိုဂါဒစ်ရှူးရဲစခန်းကို ကားဗုံးခွဲတိုက်ခိုက်ခြင်းမှာ ဗုံးခွဲတိုက်ခိုက်မှုလုပ်ငန်းစဉ်၏ အစသာဖြစ်ကြောင်း၊ မိုဂါဒစ်ရှူးမြို့တော်တွင် လာမည့်ရက်များအတွင်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

# ဂျပန်ကေရာဇ်အကီဟီတို ပြန်လည်ကျန်းမာလာပြီ

**တိုကျို ဖေဖော်ဝါရီ ၂၀**

အသက် ၇၈ နှစ်ရှိပြီဖြစ်သော ဂျပန်ကေရာဇ်အကီဟီတိုမှာ တိုကျိုတက္ကသိုလ်ဆေးရုံ၌ နှလုံးခွဲစိတ်ကုသမှု အောင်မြင်စွာခံယူပြီးနောက် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြန်လည်နာလန်ထူလာပြီ ဖြစ်ကြောင်း ဂျပန်နိုင်ငံ အင်န်အိတ်ချ်ကေအသံလွှင့်ဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖော်ပြသည်။

**ကြေညာ**

ဂျပန်ကေရာဇ် အကီဟီတို **(ယာပုံ)**၏ နှလုံးခွဲစိတ်ကုသမှုမှာ ငါးနာရီ နီးပါးကြာသွားသည်ဟုလည်း အင်န်အိတ်ချ်ကေက ဖော်ပြသည်။ ဂျပန်ကေရာဇ် အကီဟီတိုမှာ မကြာမီလများအတွင်းက ကျန်းမာရေးချို့ယွင်းလာသည့်အတွက် ဆေးရုံသို့ သုံးလေးကြိမ်တက်ခဲ့ရသည်။ **(အင်တာနက်)**

# ရုရှားနိုင်ငံ၌ တိုက်ခိုက်မှုဖြစ်ပွား၊ ၂၄ ဦးသေဆုံး

**မော်စကို ဖေဖော်ဝါရီ ၂၀**

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ရှိ ချေချင်ညာနှင့် ဒါဂျက်စတန်နယ်စပ်ဒေသ၌ လေးရက်ကြာတိုက်ပွဲများဖြစ်ပွားစဉ်အတွင်း ရုရှားရဲတပ်ဖွဲ့ဝင် ၁၇ ဦးနှင့် အကြမ်းဖက်သမားခုနစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

တိုက်ပွဲအတွင်း ရဲတပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံးပြီး လုံခြုံရေးနှင့်ရဲတပ်ဖွဲ့ဝင် ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာသည်။ တစ်ဖန် လက်နက်ကိုင်အုပ်စုမှ ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်ခုနစ်ဦး သေဆုံးကြောင်း ချေချင်ညာခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

# ကမ္ဘာပေါ်၌ အသေးငယ်ဆုံးရင်သွေးငယ် ဆေးရုံမှဆင်းပြီ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၀**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ နီရိုနာတယ်ဆေးရုံ၌ လွန်ခဲ့သည့် ငါးလခန့်ကမွေးဖွားခဲ့သည့် ကမ္ဘာ့အသေးငယ်ဆုံးမိန်းကလေးရင်သွေးငယ်တစ်ဦးအား ကျန်းမာရေးကောင်းမွန်လာသဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုလိုက်ကြောင်း ဆရာဝန်များက ပြောကြားသည်။

အဆိုပါရင်သွေးငယ်သည် မွေးဖွားစချိန်၌ ကိုယ်အလေးချိန် ဂရမ်၂၇၀ သာရှိသည်။ ၎င်း၏ခန္ဓာကိုယ်အရွယ်အစားမှာ လက်ကိုင်ဖုန်းနှစ်လုံးခန့်သာရှိပြီး သတ်မှတ်ထားသည့်မွေးဖွားရက်ထက် သီတင်း ၁၆ ပတ်ခန့်စောပြီး မွေးဖွားခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

၎င်းရင်သွေးငယ်၏အမည်ကို မီလင်ဒါစတားရိုဒိုဟု အမည်ပေးထားသော်လည်း ဆရာဝန်များက "မာဆယ်ဘေဘီ"ဟု ချစ်စနိုးခေါ်ကြသည်။ မီလင်ဒါ၏ မိခင်ဖြစ်သူမှာ အသက် ၃၀ အရွယ် ဟေဒီအီဘရာအမည်ရှိ အမျိုးသမီးဖြစ်ပြီး လော့စ်အိန်ဂျလိစ်မြို့ ဂရန်နာဒါအရပ်၌ နေထိုင်သူဖြစ်သည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ် ရင်သွေးငယ်များမွေးဖွားရာ၌ ကိုယ်အလေးချိန်တစ်ပေါင်ထက်နည်းသောရင်သွေးငယ်များ တစ်နှစ်လျှင် ၇၅၀၀ ခန့် မွေးဖွားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့၌ မြစ်ကူးတံတားပြိုကျမှုဖြစ်ပွား

**ဘိုဂေါ ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

**ပြိုကျခဲ့**

အဆိုပါတံတားမှာ အနောက်ဂျာဗားပြည်နယ် ဘိုဂေါမြို့ရှိ စီဟိုင်ဒန်မြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသောတံတားဖြစ်သည်။ ၎င်းတံတားပေါ် မော်တော်ယာဉ်များနှင့် လူများဖြတ်ကူးစဉ် ရုတ်တရက် ပြိုကျခဲ့ခြင်းဖြစ်သည်။

ယင်းတံတားပေါ်တွင် လူ ၂၄ ဦးနှင့် မော်တော်ယာဉ်များ ဖြတ်သန်းစဉ် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း တစ်ဦးသေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း၊ မော်တော်ယာဉ်နှစ်စီးပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးဌာနအကြီးအကဲနာရိုဟိုက ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

ပျောက်ဆုံးနေသူများတွင် ကလေးငယ်များပါဝင်ပြီး တံတားမည်သည့်အတွက်ကြောင့် ပြိုကျခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

# လေဆိပ်လုံခြုံရေး တီ-၃ အီလက်ထရစ်ယာဉ်များ စင်ကာပူ၌ ထားမည်

**စင်ကာပူ ဖေဖော်ဝါရီ ၂၀**

စင်ကာပူလေဆိပ်များတွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် တီ-၃ အီလက်ထရစ်ယာဉ်များကို ရဲတပ်ဖွဲ့ဝင်များအား ဖြန့်ဝေပေးမည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ တီ-၃ အီလက်ထရစ်ယာဉ်များကို လေဆိပ်တာဝန်ကျရဲတပ်ဖွဲ့ဝင်များအား လာမည့်ဧပြီလတွင် စတင်အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ ၎င်းယာဉ်များကို လေဆိပ်ဧရိယာအတွင်း လုံခြုံရေးအတွက် ကင်းလှည့်ရာ၌ အသုံးပြုနိုင်ပြီး လောင်စာဆီအသုံးပြုရန်မလိုကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ထို့အပြင် လေဆိပ်အတွင်း အရေးပေါ်ဖြစ်ပွားမှုအခြေအနေတစ်ရပ်ဖြင့် ကြုံတွေ့ရပါက လျင်မြန်စွာ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ တီ-၃ အီလက်ထရစ်ယာဉ်များကို စီးနင်းမောင်းနှင်ရာတွင် ထူးထူးခြားခြားလေ့ကျင့်ရန် မလိုကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၃၀ ရှိ လေဆိပ်များတွင် တီ-၃ အီလက်ထရစ်ယာဉ် အစီး ၃၀၀၀ ကျော် အသုံးပြုနေလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၀-၂-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် အကြီးဆုံးရှော့ပင်းမောသုံးခု ဂျပန်စီးပွားရေးအုပ်စုတည်ဆောက်မည်

*ဂျပန်နိုင်ငံ၏ အကြီးဆုံးလက်လီရောင်းချရေးစီးပွားရေးအုပ်စုတစ်စုဖြစ်သည့် အေရွန်က တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟာန်မြို့တွင် အကြီးဆုံးရှော့ပင်းမောသုံးခု တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။*

*အဆိုပါရှော့ပင်းမောသုံးခုကို လာမည့် ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း၊ ယင်းရှော့ပင်းမောသုံးခုကို ကျန်ဂန်ခရိုင်အတွင်းရှိ ဒုန်စီဟူဖွံ့ဖြိုးရေးဇုန်၊ ဟူဟာန်စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန်တို့တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဟူဟာန်မြို့ရှိ အစိုးရသတင်းရပ်ကွက်များမှ တာဝန်ရှိသူများက ပြောကြားသည်။ လာမည့်နှစ်တွင် လက်လီရောင်းချမည့် စုစုပေါင်းစားသောက်ကုန်ပစ္စည်းများအတွက် အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၆၄ ဘီလီယံရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။*

# အီကွေဒေါမြောက်ပိုင်းတွင် ယာဉ်တစ်စီး ချောက်အတွင်းထိုးကျ

*အီကွေဒေါနိုင်ငံ အဘာဘူရာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျခဲ့ခြင်းကြောင့် ၂၆ ဦးသေဆုံးပြီး အခြား ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။*

*အဆိုပါမတော်တဆမှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဘတ်စ်ကားမှာ ခရီးသည် ၄၁ ဦးတင်ဆောင်ကာ အင်ဘာရာပြည်နယ်အတွင်း တောင်ထူထပ်သောဒေသဖြစ်သည့် အိုင်ဘာရာ-ဆန်ရိုရာဇုန် အဝေးပြေးလမ်းမပေါ်တွင် ပြေးဆွဲမောင်းနှင်စဉ် ယာဉ်မောင်းသူမှာ အရှိန်မထိန်းနိုင်မှုကြောင့် အနက် မီတာ ၅၀ ရှိ ချောက်ကမ်းပါးတစ်ခုအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ပွားမှုကြောင့် ၂၆ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူများအား ဒေသအတွင်းဆေးရုံသို့ ပို့ပေးထားကြောင်း ပြောရေးဆိုခွင့်ရှိသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။*

# ဗြိတိန်နှင့် ပြင်သစ်ကုမ္ပဏီများသို့ ရေနံတင်ပို့မှု အီရန်ရပ်ဆိုင်းမည်

*အီရန်နိုင်ငံသည် ဗြိတိန်နှင့် ပြင်သစ်ကုမ္ပဏီများသို့ ရေနံတင်ပို့မှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် ရေနံတင်သွင်းမှုများကို တားဆီးပိတ်ပင်ရန် ဥရောပအဖွဲ့(အီးယူ)က ဆုံးဖြတ်ချက်ချပြီး တစ်လနီးပါးကြာပြီးနောက် ယခုကဲ့သို့ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။*

*ဗြိတိန်နှင့် ပြင်သစ်ကုမ္ပဏီများသို့ ရေနံတင်ပို့မှုများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း၊ သို့သော်လည်း အခြားရေနံထုတ်ကုန်များ အနည်းငယ်တင်ပို့ပေးသွားမည်ဖြစ်ကြောင်း၊ ဗြိတိန်နှင့် ပြင်သစ်ကုမ္ပဏီများကိုယ်စား အခြားဖောက်သည်အသစ်များဆီသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အလီရီဇာနီဇက်ရတ်ဘာက ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းနေ့က ထုတ်ပြန်ချက်သည် အီရန်မှ ရေနံတင်ပို့မှုနှင့် ရေနံထုတ်ကုန်များ ဝယ်ယူမှုကို ရပ်ဆိုင်းရန် ဥရောပအဖွဲ့(အီးယူ)၏ ဆုံးဖြတ်ချက်ကို လက်တုံ့ပြန်သည့်သဘောဖြစ်သည်ဟု ဆိုသည်။* **(အင်တာနက်)**

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းအား RFA သတင်းဌာနမှတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား RFA သတင်းဌာနမှ Executive Producer, Mrs. SuSan Lavery ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်တွင်းသတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဖွဲ့စည်းတည်ဆောက်ပုံ၊ လွှတ်တော်၏ တာဝန်များ၊ လွှတ်တော်များ တည်တံ့ခိုင်မြဲရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား အရည်အသွေးမြင့်မားတိုးတက်အောင် ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာလွှတ်တော်များသို့သွားရောက်လေ့လာခဲ့မှုများ၊ ဒီမိုကရေစီ ရှင်သန်ခိုင်မာရေးအတွက် လွှတ်တော်ကော်မတီများသည် အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်သောကြောင့် မူလကော်မတီ(၄)ခုအပြင် လိုအပ်သည့်ကော်မတီများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နေမှုတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်း ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

**လာရောက်တွေ့ဆုံ**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား RFA သတင်းဌာနမှ Executive Producer, Mrs. SuSan Lavery ခေါင်းဆောင်သောအဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးအား ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်း လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်း ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသိပ္ပံညွှန်ကြားရေးမှူး Mr. Takashi TAJIMA သည် ယနေ့ ညနေ ၃ နာရီတွင် အဆိုပါ ပါတီဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ ပါတီအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ရှိန်နှင့် ပါတီဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၌ မြန်မာပြည်စံချိန်သစ်တင်သူ ထွက်ပေါ်
## ရှက်ပုန်းသီး အားကစားသမားများ ထပ်မံပေါ်ထွန်းလာရေး
## အားကစားဝန်ကြီးဌာနမှ ဖိတ်ခေါ်၍ မြေတောင်မြှောက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဒိုင်း အကြိမ်(၆၀)မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ မြန်မာပြည်စံချိန်သစ်တင်သူ တစ်ဦး၊ မြန်မာပြည်လူငယ်စံချိန်သစ်တင်သူတစ်ဦးနှင့် ဝန်ကြီးဌာနစံချိန်သစ်တင်သူ နှစ်ဦးတို့ ပေါ်ထွန်းခဲ့သည်။

မြန်မာပြည်စံချိန်သစ်အနေဖြင့် အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၌ မအိမ်စိုးဇာ (စီးပွား/ကူးသန်း)က ၂၀၀၆ ခုနှစ်တွင် မဝင်းဝင်းမော်(ရထားပို့ဆောင်ရေး) တင်ထားခဲ့သော မြန်မာပြည်စံချိန် ၃၄ ဒသမ ၇၉ မီတာစံချိန်ကို ၃၈ ဒသမ ၀၆ မီတာဖြင့် ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့သည်။

ထို့အတူ မြန်မာပြည် လူငယ်စံချိန်သစ်အနေဖြင့် မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ၌ ဟန်ဇော်ထွန်း (သစ်တော)က ၂၀၀၇ ခုနှစ်တွင် ဇော်လွင်ထူး (ပြည်ထဲရေး)တင်ထားခဲ့သော ၅၆ ဒသမ ၇၀ စက္ကန့် စံချိန်ကို ၅၅ ဒသမ ၉၆ စက္ကန့်ဖြင့် ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့သည်။

ထို့ပြင် ဝန်ကြီးဌာနစံချိန်သစ်များအနေဖြင့် အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲ၌ စောမာလာနွယ် (စီးပွား/ကူးသန်း)က ၂၀၁၁ ခုနှစ်တွင် ကေခိုင်မျိုးထွန်း (စီးပွား/ကူးသန်း) တင်ထားခဲ့သော ၁ နာရီ ၄၂ မိနစ် ၁၄ ဒသမ ၈ စက္ကန့် စံချိန် ကို ၁ နာရီ ၄၁ မိနစ် စက္ကန့် ၅၀ဖြင့် ကျော်ဖြတ်၍ လည်းကောင်း၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၌ မဂျူးနီ (ရထားပို့ဆောင်ရေး)က ၂၀၀၆ခုနှစ်တွင် မဝင်းဝင်းမော်(ရထားပို့ဆောင်ရေး) တင်ထားခဲ့သော ၃၄ ဒသမ ၇၉ မီတာစံချိန်ကို ၃၅ ဒသမ ၁၂ မီတာဖြင့် ကျော်ဖြတ်၍ လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့သူ မအိမ်စိုးဇာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့မှ ပလောင်တိုင်းရင်းသူတစ်ဦးဖြစ်ပြီး အားကစားလောကသို့၂၀၁၀ခုနှစ်တွင် ဂျူဒိုအားကစားနည်းဖြင့် အား/ကာသိပ္ပံ (မန္တလေး)မှ တစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း၊ ၎င်း၏ အရည်အချင်းကို ခန့်မှန်းမိသည့် နည်းပြများက ၂၀၁၁ခုနှစ်အတွင်း နေပြည်တော်တွင် ကျင်းပခဲ့သည့် Champion Challenge Cup Tournament တွင် ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲသို့ အမျိုးအစားပြောင်းလဲယှဉ်ပြိုင်စေခဲ့ရာ လေ့ကျင့်ချိန် ရက်သတ္တတစ်ပတ်မျှဖြင့်(အား/ကာသိပ္ပံ အတန်း)၌ ရွှေတံဆိပ်ရရှိခဲ့ကြောင်း၊ ပင်ကိုဗီဇ ထူးချွန်သူဖြစ်သည့်အလျောက် ယခုပြိုင်ပွဲ၌လည်း လေ့ကျင့်ချိန်နည်းသည့်ကြားမှ မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မအိမ်စိုးဇာကဲ့သို့သော ထူးချွန်သည့်အားကစားမောင်မယ်များ ပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်၏ ဂုဏ်ကို အားကစားကဏ္ဍမှ တစ်ဖက်တစ်လမ်း မြှင့်တင်နိုင်ရန် အထောက်အကူများပင်ဖြစ်ရာ နိုင်ငံတော်ကလည်း ထိုကဲ့သို့သော ထူးချွန်အားကစားမောင်မယ်များအား မြှောက်စားချီးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း၊ ပြည်သူများကလည်း မအိမ်စိုးဇာကဲ့သို့သော ရှက်ပုန်းသီးအားကစားသမားများအား တွေ့ရှိပါက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားအဖြစ်သို့ ဆက်လက်တက်လှမ်းနိုင်ရေး ဝိုင်းဝန်းပံ့ပိုး၍ အားကစားဝန်ကြီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးရန်နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၌ မြန်မာပြည်စံချိန်သစ်တင်ခဲ့သူ မအိမ်စိုးဇာ (စီးပွား/ကူးသန်း) ပြိုင်ပွဲဝင်ဟန်ကို တွေ့ရစဉ်။** (သတင်းစဉ်)

**ဆုချီးမြှင့်**

ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ဆုရမြို့နယ်များမှ ရင်သွေးငယ်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်း ဆုချီးမြှင့်စဉ်။ (၀၄၉)


**HAN Golf Masters**
**နွေရာသီအခြေခံ ဂေါက်သီးရိုက် (၁၀)ရက် သင်တန်းဖွင့်လှစ်မည်**

*ရန်ကုန် ဖေဖော်ဝါရီ ၂၀*

*ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ **HAN Golf Masters Academy** မှ ဖေဖော်ဝါရီ ၂၇ ရက် (တနင်္လာနေ့)တွင် ဂေါက်သီးရိုက်အခြေခံ ၁၀ ရက်သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းကို **HAN Golf Masters Academy** မှ ဝါရင့်နည်းပြများဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေးနှင့် လက်ထောက်နည်းပြဆရာများက နည်းစနစ်များကို စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။*

*သင်တန်းသို့ တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၆ ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းရမည် ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇၊ ၆၅၁၃၇၄ နှင့် ၀၉-၂၀၃၇၆၇၁ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။* (မြန်မာ့အလင်း)


# ဘဝအမောပြေ

## အကြွားသန်သူ----

အာကာဟိန်း ရေးသားသည်

အကြွားသန်သောအမျိုးသားတစ်ဦးသည် တစ်ညတွင် အိမ်သို့လမ်းလျှောက်ပြန်လာစဉ် လူဆိုးများနှင့် လမ်း၌တွေ့လေသည်။

**လူဆိုး** - **ဟေ့လူ..ရပ်စမ်း။**
လူကြွား - ဟုတ်ကဲ့ခင်ဗျာ။
**လူဆိုး** - **မင်းပါတဲ့ငွေ အကုန်ထုတ်ပေးစမ်း။**
လူကြွား - တစ်ပြားမှမပါပါဘူးခင်ဗျား။
**လူဆိုး** - **ဟေ့ကောင်တွေ သူ့ကိုပညာပေးလိုက်စမ်း (လူဆိုးများက ထိုသူအား ထုထောင်းထိုးကြိတ်ကြလေသည်)။**
လူကြွား - ခင်ဗျားတို့ တော်တော်ရက်စက်တဲ့သူတွေပဲ။
**လူဆိုး** - **ကဲ..သူ့ကိုယ်မှာရှာကြစမ်း။**
လူကြွား - ရှာကြပါဗျာ။
**လူဆိုး** - **ဟောဒီမှာ တစ်ဒေါ်လာပဲတွေ့ပါတယ်။**
လူကြွား - ဟုတ်ကဲ့. . အဲဒါပဲရှိပါတယ်ဗျာ။
**လူဆိုး** - **မင်းကွာ..ငွေတစ်ဒေါ်လာလေးရှိတာများ အထိုးအကြိတ်ခံရတယ်လို့..စောစောကတည်းက ပေးလိုက်ရင်ပြီးရော..။**
လူကြွား - ခင်ဗျား ဒီလိုမပြောပါနဲ့. . .၊ အခုကျွန်တော့်ဖိနပ်ထဲမှာ ဒေါ်လာ ၅၀၀၀ ရှိပါတယ်ဗျ။
**လူဆိုး** - **"ဟေ"**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အာဆီယံအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အာဆီယံတို့အကြား ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် သတင်းမီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီဖွဲ့စည်းပြီး လုပ်ငန်းစဉ်(၈)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကော်မတီများဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဧပြီလတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအား ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများထက် ပိုမိုပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်နေမှု၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း (ASCC ASEAN Socio-cultural Community) အောက်၌ ပြန်ကြားရေးကဏ္ဍ (AMRI ASEAN Ministers Responsible for Information ) နှင့် ယဉ်ကျေးမှုကဏ္ဍ (AMCA ASEAN Ministers Responsible for Culture and Arts) တို့တွင် ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

## အမှတ်တရလက်ဆောင်ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အာဆီယံအတွင်းရေးမှူးချုပ် ရုံးအတွက် Myanmar Learning Society ဆီဆေးပန်းချီကားအား အာဆီယံအတွင်းရေးမှူးချုပ်ထံ အမှတ်တရလက်ဆောင်ပေးအပ်သည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# နှစ်နိုင်ငံခရီးသွားလုပ်ငန်း ရုံးခွဲဖွင့်လှစ်ပူးပေါင်းဆောင်ရွက်ရေးနှင့် ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဘရာဇီးလ်နိုင်ငံ ဆောင်ပေါလိုမြို့အခြေစိုက် ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr.Ricardo Cateb Cury နှင့်ဇနီး Ms.Maria do Carmo Cury တို့သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံရာတွင် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အလွယ်ကူဆုံး ချဉ်းကပ်လုပ်ကိုင် ဆောင်ရွက်နိုင်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းရုံးခွဲများဖွင့်လှစ်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ခရီးသွားလုပ်ငန်းလုပ်စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စျေးကွက်ရှာဖွေရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအပြန်အလှန်ခရီးစဉ်ဒေသများ လေကြောင်းခရီးစဉ်များ ဆောင်ရွက်ရေးနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပဋိပက္ခများချုပ်ငြိမ်းပပျောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းလျက်ရှိ တည်ငြိမ်အေးချမ်းလာသည်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အလင်းကောင်ရပ်ကွက်ရှိ မိုးမောက်နှစ်ခြင်းအသင်းတော်ဝင်း၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသား မိသားစုများအား သွားရောက်တွေ့ဆုံ၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ဘဝ လုံခြုံငြိမ်းချမ်းသာယာပျော်ရွှင်စွာဖြင့် လူမှုစီးပွားတိုးတက်စေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မတူညီသည့်အမြင်များထက် တူညီသည့်သဘောထားများကို ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြီးအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနေသည့်နည်းတူ နယ်စပ်ဒေသနေတိုင်းရင်းသားမိသားစုများအား မူလအခြေအနေများထက် သာလွန်ကောင်းမွန်ပြည့်စုံသော လူမှုစီးပွားဘဝများဖြစ်ပေါ်စေရန် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စိတ်ရင်းစေတနာမှန်ဖြင့် ဆွေးနွေးညှိနှိုင်းနေသည့်နည်းတူ ဆွေးနွေးဖက်အဖွဲ့အစည်းများကလည်း ဒေသခံတိုင်းရင်းသားများ အကျိုးကိုရှေးရှု၍ လက်တွေ့ကျကျ ပါဝင်လာကြမည်ဟု ယုံကြည်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားများအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက မည်သို့ပင်ထောက်ပံ့မှုများ ရရှိစေကာမူ ကိုယ်ပိုင်စွမ်းအားဖြင့် ရပ်တည်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်နယ်တစ်ခု သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြု၍ စိတ်ရင်းစေတနာမှန်များဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးကြကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာသူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် ပြည်နယ်ငြိမ်းချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်သည်များအပေါ် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားမိသားစုများက ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆန္ဒများကို ရင်းနှီးပွင့်လင်းစွာ တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းထောက်ပံ့ငွေများနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ် (WFP)မှ တစ်လစာရိက္ခာများကို ဒေသခံ တိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြပြီး တည်းခိုနေထိုင်ရေးစခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ ဒေသခံတိုင်းရင်းသားမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဗန်းမော်မြို့နယ်အတွင်းရှိ ရိုးကြီးရွာမကျောင်းတိုက်နှင့် ကရုဏာဗန်းမော်တည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအားတွေ့ဆုံ၍ SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းထောက်ပံ့ငွေများနှင့်တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသားမိသားစုများထံ ပေးအပ်ပြီး ဒေသခံတိုင်းရင်းသားမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း မိုးမောက်မြို့နယ် အလင်းကောင်ရပ်ကွက်ရှိ မိုးမောက်နှစ်ခြင်း အသင်းတော်ဝင်း၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်း လာကြသည့် တိုင်းရင်းသားမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

**ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်လွင်-ဒေါ်အေးအေးမြင့်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)လက်ခံစဉ်။** (ဇီဝိတဒါနသံဃာ့ဆေးရုံ)

# သံလွင်မြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူစေသည့် သံလွင်မြစ်ကူးတံတား(ဘားအံ)



ဇွဲကပင်အလှ ပန်းချီနောက်ခံနှင့် သံလွင်တံတား(ဘားအံ)အလှ။

## တံတားအချက်အလက်များ

၁။ ကရင်ပြည်နယ် ဘားအံမြို့ တောင်ဘက် ၂ မိုင် ၆ ဖာလုံခန့် အကွာတွင် သံလွင်မြစ်ကူးတံတား (ဘားအံ)ကို တည်ဆောက်ထား ပေးသည်။

၂။ ပင်မတံတားမှာ ၁၇၇၁ ပေရှည်ပြီး မော်တော်ယာဉ်သွားလမ်းမှာ ၂၈ ပေ အကျယ်ရှိသည်။ တစ်ဖက်လျှင် ၅ ပေစီကျယ်သည့် လူသွားလမ်း ပါရှိသည်။ ချဉ်းကပ်လမ်း အပါ အဝင် တံတားစုစုပေါင်းအရှည်မှာ ၂၂၅၂ ပေ ဖြစ်သည်။

၃။ သံမဏိသံပေါင် တံတားအမျိုး အစားဖြစ်သည်။ သထုံ - မြိုင် ကလေး-ဘားကပ်-ဘားအံလမ်း ပေါ်တွင် တည်ရှိသည်။

၄။ သံလွင်မြစ်ကူးတံတား (ဘားအံ) ကို ၄-၄-၁၉၉၄ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၄-၈-၁၉၉၇ ရက်နေ့တွင် ဖွင့်လှစ်ပေး နိုင်ခဲ့သည်။

သာယာလှပသော သံလွင်တံတား(ဘားအံ) တံတားအဝင် ချဉ်းကပ်လမ်း။

သံလွင်တံတား (ဘားအံ) အထွက် လမ်းမှာလည်း စိမ်းလန်းစိုပြေသည်။

* သံလွင်မြစ်ကူး တံတား (ဘားအံ)သည် ကရင်ပြည်နယ်၏ အဓိက ဝင်ပေါက်၊ ထွက်ပေါက် ဖြစ်သည့်အတွက် ကရင်ပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဆက်သွယ်သွားလာမှု ပိုမိုလျင်မြန်လာသည်။

* သံလွင်မြစ်၏ အရှေ့ခြမ်းဒေသများ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမို ဖွံ့ဖြိုးတိုးတက်လာသည်။

* ဤ တံတားကြီးကြောင့် ဒေသတစ်ခုနှင့် တစ်ခု တိုးတက်ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းကျုံ့သွားပြီး မဖွံ့ဖြိုးသေးသည့် ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်။

သတင်းမှတ်စု
မောင်ငြိမ်းအေး

ကရင်ပြည်နယ်ဂုဏ်ဆောင် သံလွင်တံတား(ဘားအံ)။

❖ *ကျောဖုံးမှ*

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းများတွင် ရေလမ်းကြောင်း တည်ငြိမ်မှု ရှိစေရေးအတွက် မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး ပင်မစီမံချက် (Master Plan) အား ၁၉၈၆ခုနှစ်တွင် ကမ္ဘာ့ဘဏ် အကူအညီဖြင့် နယ်သာလန်နိုင်ငံ (Royal Haskoning) အတိုင်ပင်ခံ အဖွဲ့မှ ရေးဆွဲပေးခဲ့ပြီး ယင်းစီမံချက်ကို မှီငြမ်း၍ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ ယင်းစီမံချက်နှင့် လက်ရှိရေလမ်းကြောင်းအခြေအနေ ကွဲလွဲမှုများ ရှိလာသဖြင့် စီမံချက်အား ပြုပြင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံချောင်းမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်း ပြောင်းလဲရေးလုပ်ငန်းအတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး အထက်အဖွဲ့အစည်းသို့ တင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက **“ကမမောင်းမြို့နယ်ခွဲတွင် ရေထိန်းနံရံများ တည်ဆောက်ပေးရေးနှင့် အိမ်မြေမဲ့များကို ပြန်လည်နေရာချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့နယ်ခွဲသည် သံလွင်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပါကြောင်း၊ သံလွင်မြစ်၏ အရှေ့ဘက်ကမ်းနှင့်မြစ်လယ်တွင် ကျွန်း/သောင်များ ဖြစ်ပေါ်လျက်ရှိရာ နွေရာသီရေနည်းချိန်တွင် ကမ်းပြိုမှု မရှိသော်လည်း မိုးရာသီရေများကာလတွင် ရေနက်စီးကြောင်းသည် ကမမောင်းမြို့ဘက်ကမ်းတွင် ဖြစ်ပေါ်ခြင်း၊ နှစ်စဉ်ကမ်းနားတစ်လျှောက် ရေတိုက်စားခံရပြီး ကမ်းပြိုရခြင်းဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ) ရေစားကမ်းပြိုမှုကာကွယ်ရေး ကမ်းထိန်းကျောက်စီတမံလုပ်ငန်း၊ သံလွင်မြစ်ရေပေါ်သောင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ဘားအံ-နှစ်ခြား ရေလမ်းကောင်းမွန်ရေး ကျောက်စီရေကာလုပ်ငန်းနှင့် မြဝတီမြို့ သောင်ရင်းမြစ်ရေစားကမ်းပြိုမှုကာကွယ်ရေး ကျောက်စီတမံလုပ်ငန်း စသည့်လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်အရေးကြီးသော နေရာများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကရင်ပြည်နယ် ကမမောင်းမြို့နယ်ခွဲ ကမ်းပြိုကာကွယ်ရေးအတွက် ကွင်းဆင်းတိုင်းတာပြီး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကမမောင်းမြို့နယ်ခွဲ ရပ်ကွက်(၂)၊ (၈) နယ်မြေနေ ပြည်သူ (၅၄)ဦးမှ ကမမောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စာရေးသားတင်ပြခဲ့ခြင်းနှင့် ပတ်သက်၍ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကမမောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး (ဥက္ကဋ္ဌ)အဖြစ် ပါဝင်သော မြေနေရာသစ် ကွင်းဆင်းရှာဖွေ စိစစ်ရေးအဖွဲ့အားဖွဲ့စည်းပြီး ယင်းတင်ပြချက်အပေါ် စနစ်တကျစုံစမ်းစိစစ်တင်ပြရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ယင်းအဖွဲ့၏ ပြန်လည်တင်ပြချက်အရ ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ကမမောင်းမြို့နယ်ခွဲ သံလွင်မြစ်ကမ်းနဖူးရှိ ပြည်သူ (၅၄)ဦးအား နေရာချထားပေးရန် လျာထားသည့် ကမမောင်းမြို့နယ်ခွဲ အမှတ်(၂)ရပ်ကွက် အုန်းတောကွင်းမှ မြေနေရာ(၇ ဒသမ ၉၂)ဧကအား လူနေအိမ်ရာမြေအဖြစ် အသုံးပြုခွင့်ရရှိရေး လ/န (၃၉)အမှုတွဲ ဖွင့်လှစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်၍ စနစ်တကျ စီမံခန့်ခွဲပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်က **“ကုလားတန်မြစ် ဘက်စုံသုံး ကြားခံပို့ဆောင်ရေးစီမံကိန်း”** နှင့် စပ်လျဉ်း၍ မေးမြန်းရာ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းပို့ဆောင်ရေးစီမံကိန်း အထောက်အကူပြုလုပ်ငန်း၏ ဆောက်လုပ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး မူဘောင်သဘောတူစာချုပ် (Framework Agreement) နှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ (Protocol) တို့ကို ၂၀၀၈ ခုနှစ် ဧပြီ ၂ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လက်မှတ်ရေးထိုး သဘောတူခဲ့ကြပါကြောင်း။

ယင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် စစ်တွေဆိပ်ကမ်း၌ တန်(၆၀၀၀)ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ စစ်တွေနှင့်ပလက်ဝတို့တွင် တန်ချိန် (၃၀၀) မြစ်တွင်းသွား ရေယာဉ်များဆိုက်ကပ်ရန် ဆိပ်ခံတံတားနှစ်စင်းနှင့် ဆက်စပ်နေသော ဆိပ်ကမ်းအဆောက်အအုံများ ရရှိစေမည်ဖြစ်ပါကြောင်း၊ ၎င်းပြင် တန်ချိန် (၃၀၀)မြစ်တွင်းသွား ရေယာဉ်(၆)စင်းအား မြန်မာဘက်မှ ရရှိမည်ဖြစ်သည့်အပြင် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ရေလမ်းကြောင်းကောင်းမွန်ခြင်းနှင့် ပလက်ဝမှ အိန္ဒိယ-မြန်မာနယ်စပ်အထိ အဝေးပြေးလမ်းမတစ်ခု ပေါ်ပေါက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့အနေဖြင့် လမ်းပန်းဆက်သွယ်ရေး

များ ကောင်းမွန်လာပြီး နိုင်ငံတကာနှင့် ဆက်သွယ်မှုများ၊ ကုန်သွယ်မှုများ တိုးတက်ဖွံ့ဖြိုးလာခြင်း၊ ပေါ်ပေါက်လာမည့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ခြင်း၊ ကုလားတန်မြစ်တစ်လျှောက်ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ နယ်စပ်ကုန်သွယ်ရေးအခွင့်အလမ်းနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း စသည့်ဒေသဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံသဘောတူစာချုပ်အရ စီမံကိန်းအတွက်လိုအပ်သော မြေနေရာကို မြန်မာဘက်မှ ပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ဆိပ်ခံတံတားနောက်ခံမြေအဖြစ် ဖောင်တော်ကြီးဆိပ်ကမ်းဝင်းနှင့် မင်းကြီးကျောက်တန်းကြား ကုလားတန်မြစ်ကြောင်းနှင့် ပြိုင်လျက် အလျားမီတာ (၅၀၀)တွင် အလျား (၃၂၄)မီတာနှင့် မြစ်ဘက်သို့ (၁၃၉)မီတာအကျယ်ကို ကျောက်စီရေကာတံတားပြုလုပ်၍ (Reclaim)မြေ ဖို့ပြီး မြစ်ဘက်သို့ မြေနေရာ တိုးချဲ့ကာ ဆိပ်ကမ်းအဆောက်အအုံများ ဆောက်လုပ်မည် ဖြစ်ပါကြောင်း၊ အလျား (၂၇၃)မီတာနှင့်အကျယ်(၁၅ ဒသမ ၂)မီတာရှိ ပင်မဆိပ်ခံတံတား၊ အလျား (၁၃၆) မီတာ၊ အကျယ် (၉ ဒသမ ၅)မီတာရှိသော ချဉ်းကပ်တံတား (၂)ခု တို့ပါသည့် ဆိပ်ခံတံတားကြီးအား ဖော်ပြပါ Reclaim လုပ်ထားသည့် မြေနှင့် တစ်ဆက်တည်း ဆောက်လုပ်မည်ဖြစ်ပါကြောင်း။

**ပလက်ဝမြို့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ရေယာဉ်များဆိုက်ကပ်မည့် ဆိပ်ခံတံတားတည်ဆောက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်အထိ မော်တော်ကားလမ်းဖောက်လုပ်ရန်အတွက် လိုအပ်သော မြေနေရာရရှိရေးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က EIA, SIA ကိစ္စရပ်များနှင့် ပတ်သက်သည့် အစီရင်ခံစာမရှိခဲ့ပါသဖြင့် အိန္ဒိယနိုင်ငံဘက်သို့ EIA,SIA ပြုလုပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။**

**စီမံကိန်း၏ စစ်တွေဆိပ်ကမ်းတည်ဆောက်မည့် ဧရိယာနှင့် ထိစပ်နေသည့် ပြည်နယ် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ဈေးကြီးနှင့် ကုလားတန်မြစ်တစ်လျှောက်ရှိ အိုးတန်းရပ်ကွက်၊ ကျေးပင်ကြီးရပ်ကွက်နေ ပြည်သူများနှင့် မြို့လူထုတစ်ရပ်လုံး၏ ဈေးဆိုင်ခန်းများ၊ အိုးအိမ်များ၊ မြေနေရာများနှင့် ဆေးရုံကြီးတို့သည် စီမံကိန်းနေရာနှင့် လွတ်ကင်းသဖြင့် ဖယ်ရှားရန်အစီအစဉ် မရှိပါကြောင်း၊ ပြည်သူလူထုပိုင် မြို့မြေနေရာများနှင့်လည်း လွတ်ကင်းမှုရှိပါကြောင်း၊ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရန်မရှိသည့်အတွက် မြင်ကွင်းနှင့် လေလမ်းကြောင်းများ ပိတ်ဆို့သွားနိုင်ခြင်းလည်း မရှိနိုင်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က **“ပလက်ဝမြို့နယ်နှင့် မတူပီမြို့နယ် နယ်စပ်ရှိ ပင်းချောင်းအား မြစ်ကြောင်းပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ လေးမြို့မြစ်ကြောင်း တစ်လျှောက် ရခိုင်ပြည်နယ်မှ ပလက်ဝမြို့နယ် ပိုင်ချောင်းပေါ် ပင်းချောင်း အတွင်းသို့ ပီကုန်းအထိ စက်တပ်လှေငယ်များသာ သွားလာသော ရေကြောင်း တစ်ခုဖြစ်ပါကြောင်း၊ သဘာဝရေကြောင်း၊ ရေလမ်းများ၏ ဖြစ်စဉ်သဘော

**အမျိုးသားလွှတ်တော် အစည်းအဝေး ဆွေးနွေးနေသည့် တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)**

တရားအရ ပြုပြင်လိုသည့် ရေလမ်းအပိုင်းကို ကွက်၍ ပြုပြင်ဆောင်ရွက်ခြင်းကြောင့် ရေလမ်းကြောင်းတစ်လျှောက်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြားကြောင်းကျိုးဖြစ်စဉ်များကို ထည့်သွင်းတွက်ချက်၍ အားနည်းချက်၊ အားသာချက်များဖော်ထုတ်ဆောင်ရွက်နေပါကြောင်း၊ သဘာဝအတိုင်း စီးဆင်းနေသည့် ရေကြောင်း၊ ရေလမ်းများအား ပြုပြင်ရန် စဉ်းစားဆောင်ရွက်ရာတွင် သဘာဝကို ဆန့်ကျင်မှုမပြုသင့်သကဲ့သို့ ငွေကြေးကုန်ကျအလွန်များပြားနိုင်ပါသဖြင့် အကျိုးကျေးဇူးပမာဏများကို တွက်ချက်ချင့်ချိန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တင်ပြပါ ကျောက်ဆောင်အား ဖယ်ရှားမည်ဆိုပါက ရေနေသတ္တဝါများ ထိခိုက်ပျက်စီးနိုင်သကဲ့သို့ ဖယ်ရှားပြီးသည့်တိုင် ရေစူးနည်းပါးသည့် စက်တပ်လှေငယ်များသာ သွားလာနိုင်မည်ဖြစ်ပါ၍ နိုင်ငံတော်ဘဏ္ဍာငွေအား ဒေသတွင်းပိုမိုအကျိုးဖြစ်ထွန်းနိုင်သည့် လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံစေခြင်းအားဖြင့် ဒေသအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ စင်ကီတောင်အုပ်စု ပီကုန်းရွာအထက်ရှိ လုံပုတ်နှင့် အွေကြည်ရွာနားရှိ ထိုက်ဘီပရောင်တွင် ကျောက်ဆောင်များ ဖယ်ရှား၍ ရေကြောင်းကောင်းမွန်အောင် ဆောင်ရွက်မည့် အစီအစဉ်အား ဖော်ပြပါအခြေအနေများ အားလုံးအပေါ် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေက **“ထားဝယ်-မေတ္တာလမ်းပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ထားဝယ်-မေတ္တာလမ်းအား နှစ်စဉ်ရရှိသည့် ငွေလုံးငွေရင်း ရန်ပုံငွေ၊ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ထားခဲ့သော်လည်း ယခုနှစ်တွင် ရွာသွန်းသည့် မိုးရေချိန်များပြားမှုနှင့် မိုးရွာရက်များပြားမှုတို့ကြောင့် လမ်းပေါ်တွင် ရေကြီးမှု (၃)ကြိမ် ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ရေနစ်မြုပ်ချိန်ကြာသည့်အတွက် လမ်းသားအောက်ခြေ ရေစိမ့်ဝင်မှုဖြစ်ပေါ်ပြီး အချိန်တိုအတွင်း ပျက်စီးသွားခဲ့ရပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ချိုင့်ကြီးများနှင့် လမ်းပေါက်များတွင် ကျောက်ခင်းဖြည့်ကြိတ်ခြင်း၊ လမ်းမျက်နှာပြင် ညှိခြင်း၊ ကြိုတင်ရောကျောက်ကတ္တရာဖြင့် လမ်းပေါက်များဖာထေးခြင်း၊ တံတားများ ပြုပြင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများတူးခြင်း စသည်ဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယာဉ်များ ယခင်ကထက် လွယ်ကူချောမွေ့စွာ သွားလာလျက်ရှိပါကြောင်း။

ယင်းလမ်းပိုင်းတွင် သစ်လုံးတင်ယာဉ်အချို့ သွားလာလျက်ရှိသည့်အတွက် ရှောင်ကွင်းလမ်းများ ဖောက်လုပ်သွားလာရန် သက်ဆိုင်ရာသစ်တောဦးစီးဌာနမှတစ်ဆင့် ကုမ္ပဏီသို့ တားမြစ်ပိတ်ပင်ထားပါကြောင်း၊ ဒေသခံများမှလည်း ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ယင်းလမ်းအပိုင်းသည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ခွဲမှ စီမံခန့်ခွဲသည့်လမ်းဖြစ်သည့်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင်က **“ဟင်္သာတ-ညောင်တုန်း-ရန်ကုန် လမ်းမကြီးပေါ်ရှိ ဇလွန်-ခနေဖြူ-ကြိမ်ပင်ဆည်လမ်းပိုင်း ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ”** မေးမြန်းရာ ၂၀၀၈ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် လမ်းတစ်လျှောက် ရေလွှမ်းမိုးခဲ့ပြီး ကျောက်လမ်းပျက်အဆင့် ပြန်လည်ရောက်ရှိခဲ့သဖြင့် လမ်းတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၃)မိုင် (၃$\frac{၁}{၂}$)ဖာလုံ၊ ကျောက်လမ်း(၂၂)မိုင် (၃$\frac{၁}{၂}$)ဖာလုံ စုစုပေါင်း(၃၅)မိုင် (၇)ဖာလုံ ပြုပြင်ပြီးစီးခဲ့ပါကြောင်း။

ဆက်လက်၍ စိမ်းစကိုင်းကုမ္ပဏီလီမိတက်နှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ ကြိမ်ပင်ဆည်-ခနေဖြူ-ဇလွန်လမ်း (၃၅)မိုင်(၇)ဖာလုံအား ရာသီမရွေးသွားလာနိုင်ရေးအတွက် မြေသားတာပေါင်အား လိုအပ်သော ရေဆင်းရရှိရန် ဖြေညှိခြင်း၊ လိပ်ကျော်ခုံးရရှိရန် ပုံဖော်၍ (၁၂) ပေအကျယ် ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာ လောင်းခြင်း၊ လမ်းဘေး ဝဲ/ယာ လမ်းပခုံးနှင့် ရေမြောင်းများ ဆောင်ရွက်ခြင်း၊ လမ်းဘေး ဝဲ/ယာ လမ်းနှုတ်ခမ်းပွဲများနှင့် နိမ့်ကျွံချိုင့်ပေါက်များအား ခွဲကျောက်ဖြည့်ခင်း၍ ကတ္တရာခင်းခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ မူလကတ္တရာလမ်းပျက်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ (၅ ပေ × ၂၈ ပေ) သံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦး... မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ... မြို့အဝင် အအေးရုံဝေါ်လ်ဂိတ်တွင် လမ်းကြောင်... သန်းသွားလာရန်ခက်ခဲခြင်း မဖြစ်စေရန် အတက်... (၂)ခုအပြင် တစ်ဖက်လျှင် တစ်ခုစီ ထပ်မံတပ်... ကြောင်း၊ မြို့အဝင် မုန်ဦးမှ ကျယ်ခေါင်ဂိတ်အထိ... သော မြို့ရှောင်လမ်းအား ယခုအခါ မြို့နယ်စည်ပ... သိန်းသန်းချီ ကုမ္ပဏီမှ တည်ဆောက်လျက်ရှိပါ...

မူဆယ်မြို့အဝင်ဆိုင်းဘုတ်မှ ရထိုက်လမ်း... (၃)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တ... ခြင်း၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေး စစ်... ကွန်ကရစ်လမ်းခင်းခြင်း၊ Gourd Culvert (၇)ခု... (၂)ဖက်တွင် ရေမြောင်းအရှည်ပေ(၁၂၅၄၀) တူး... ပြုပြင်ခြင်း၊ Guard Post အမှတ်အသားပြဆို... တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ငွေကျပ်(၁၆... ခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိန်းသန်... နှင့် ဘီအိုတီစနစ်ဖြင့် (၆)လအတွင်း အပြီးတည်... ကြောင်း။

မူဆယ်(၁၀၅)မိုင် မန့်ဝိန်းဂိတ်အထိ (၈)... မူဆယ်မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ပေးရန် ... မရှိသေးပါကြောင်း၊ မူဆယ်ဂိတ်တွင် ကတ္တားချိန်... (၂)လမ်း၊ ယာဉ်ငယ် အသွား/အပြန် (၂)လမ်း၊ ... (၄)လမ်းရှိပါကြောင်း။

(၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဂိတ်တွင်... ၆ နာရီမှ ည ၉ နာရီအတွင်း သွားလာခွင့်ပြု... သို့ဖြစ်ပါ၍ ယာဉ်များမှာ ဂိတ်ဖွင့်/ဂိတ်ပိတ်ချိန်မျ... သဖြင့် အလုအယက်မောင်းနှင်ကြသောကြောင့် ... ကြောင်းနှင့် ကျန်အချိန်များတွင်မူ ယာဉ်ကြောပိ... ရပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦး... **မတူပီ ကားလမ်း လမ်းမကြီး မိုင်တိုင် (၃၇)မိုင်... ရေရှောင်ဗျူဟာလမ်းအား အဆင့်မြှင့်ဖောက်လုပ်...** မေးမြန်းရာ **ချင်းပြည်နယ် မင်းတပ်ခရိုင်အတွ... မိုင်တိုင် ၃၅/၀မှ ထီးလင်းမြို့နယ် ရွှေအောင်သ... သော ဂျစ်ကားလမ်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်း... ရေးရန်ပုံငွေဖြင့် ဖောက်လုပ်ထားသည့် လမ်းဖြ... မနာတ၊ မလိပ်ထွိ၊ မသူး၊ ချပ်ရွာများသည် ထီ... ကျေးရွာသို့ ဆက်သွယ်သောလမ်းများမှာ နယ်စပ်... လုပ်သော ကျေးရွာချင်းဆက်လမ်းသာ ဖြစ်ပါ...**

**ယခုတင်ပြသော မင်းတပ်-မတူပီလမ်း... အကွာအဝေးမှာ (၆၈)မိုင်ခန့်သာ ကွာဝေးပြီး ယာ... ကြာမြင့်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ တံတား... ကြောင်းနှင့် လတ်တလော အစီအစဉ်များအရ ... ၎င်းလမ်းအား သိမ်းသွင်းရန်နှင့် အဆင့်မြှင့်တင်... အစီအစဉ်မရှိသေးပါကြောင်း**ဖြင့် ဖြေကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် ... ကော်မတီဝင် ဦးဉာဏ်လင်းက ကော်မတီ၏ အ... တင်ပြပြီး ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးစ... ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်...

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်...

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်... တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(... **“တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား... ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆော... အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှ... ဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အ... ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦး... ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်၊ မွန်... (၉)မှ ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အ... အောင်မိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှ... ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၊ ရ... နယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်နှင့် ရှမ်းပြည်န... ဦးဆိုင်ပေါ်လ်းနပ်တို့က **တောင်သူလယ်သမားများ... စပါးတိုးတက်မြင့်မားစေရေးအတွက် ဈေးကော... မျိုးစေ့များ (Good Quality Seed) နှင့် ခေတ်... စနစ်များ အသုံးပြုစေရေးနှင့် လက်တွေ့ဆန်စပ... တောင်သူများကို ကျွမ်းကျင်၍ အတွေ့အကြုံရှိသေ... လေ့ကျင့်ပညာပေးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များ... ပေးရန် လိုအပ်ကြောင်း၊ တောင်သူလယ်သမားမျ... အတွက် စိုက်ပျိုးထုတ်လုပ်သော ဆန်စပါးသီး... ဈေးကွက်သို့ လွတ်လပ်စွာရောင်းချနိုင်ရေး ဈေး... စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသော ဈေး... ပေးရန်လိုအပ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ စတင်၍... တွင် စိုက်ပျိုးရေးပညာပေးအစီအစဉ်များ ထည့်... အစဉ်သည်လည်း လွန်စွာသင့်မြတ်လှပါကြောင်း...** သည်။

အဆိုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေး... ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာစိုက်ပျိုးရေး... အနေဖြင့် တောင်သူလယ်သမားများ၏ဘဝ လက်... တိုးတက်စေရေးအတွက် လယ်ယာစိုက်ပျိုးရေး... ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိပါကြော... မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး (See... လယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာ... လေ့ကျင့်ပညာပေးရေး (Training and Educa... အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်း... စနစ်များ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုး... Development) တို့ကို စဉ်ဆက်မပြတ် အကောင်...

*စာမျက်နှာ ၃ မှ*

ထုတ်ပြန်ကြေညာထားပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်း ဥပဒေအပြင် အဓိက ထပ်မံလိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် ဤဥပဒေကြမ်းအား အဆောတလျင် တင်သွင်းရခြင်းဖြစ်ကြောင်း၊ ယခုဥပဒေကြမ်းအား နိုင်ငံတကာအဆင့်နှင့်အညီ ပြုစုထားခြင်းဖြစ်ကြောင်း၊ ဤဥပဒေကြမ်း အတည်ပြုပြီးသည့်အခါ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် အလုပ်သမားရေးရာပြဿနာများကို ဖြေရှင်းရာတွင် ဤဥပဒေနှင့်ဆီလျော် ချောမွေ့စွာ ဖြေရှင်းသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အလုပ်သမားရေးရာအဖွဲ့များကို အချိန်မီဖွဲ့စည်းနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံကဖော်ဆောင်နေသည့် ဒီမိုကရေစီဖော်ဆောင်မှုလုပ်ငန်းများ ပီပြင်စွာဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ၏ အသိအမှတ်ပြုမှု ပိုမိုခံယူရရှိနိုင်မည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်တွင်လည်း မြန်မာနိုင်ငံအပေါ်ထားရှိခဲ့သည့် တားမြစ်ချက်ကို ပြန်လည်ရုပ်သိမ်းပေးရန်အတွက် စဉ်းစားနိုင်စရာအကြောင်းများ ရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အရေးကြီးအဆိုတင်သွင်းခြင်းကဏ္ဍ**၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃ အရ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၇(ခ) အရ အမျိုးသားစီမံကိန်းဥပဒေကြမ်းဖြင့် တင်ပြထားသော စီမံကိန်းများကို စီမံကိန်းတစ်ခုချင်းအလိုက် ဆွေးနွေးခြင်း ပြုနိုင်ရန် လိုအပ်နေပါသောကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၉(က)အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ဆွေးနွေးသည့်နည်းလမ်းအတိုင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ညှိနှိုင်း၍ ဆွေးနွေးရမည့်ရက်များကို သတ်မှတ်ပေးပါရန်နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀ နှင့် ၉၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရေး** အဆိုကို အရေးကြီးအဆိုအဖြစ် တင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ဖြည့်စွက်တာဝန်ပေးခြင်းကဏ္ဍ**၌ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ကော်မတီဝင်များအဖြစ် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာနေလင်း၊ ဒေါက်တာဝင်းမြင့်၊ ဦးတင်မောင်ဦး၊ ဦးဝင်းသန်း၊ ဦးဝင်းဦး၊ ဒေါက်တာမောင်မောင်ဝင့်၊ ဦးကြည်သာ၊ ဦးအေးမောက်၊ ဦးသိန်းလွင်၊ ဦးကြည်မင်း၊ ဦးမင်းဆွေ၊ ဦးမန်းမောင်မောင်ဉာဏ်၊ ဒေါ်နန်းဝါနု၊ ဦးစိုင်းသီဟကျော်၊ ဦးဘရှိန်၊ ဒေါက်တာစိုးရင်၊ ဗိုလ်မှူးကြီး ငွေးနိုင်၊ ဗိုလ်မှူးကြီး မြင့်ကိုကိုနှင့် ဗိုလ်မှူးကြီးတင့်ဆန်းတို့အားလည်းကောင်း၊ သီးခြားပြင်ပမှ ပုဂ္ဂိုလ်များဖြစ်ကြသော ဦးမြင့်ဆွေ၊ ဦးခင်မောင်စိုး၊ ဦးနေဝင်း၊ ဦးဝင်းမြင့်၊ ဦးတင်ထွေး၊ ဦးတိုက်စံ၊ ဦးတိုးနိုင်မန်း၊ ဦးဝင်းသိမ်း၊ ဦးအေးလွင်နှင့် ဦးသိန်းဦးတို့အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ကော်မရှင်တွင် အဖွဲ့ခွဲများအဖြစ် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၊ စီးပွားရေးဆိုင်ရာ အဖွဲ့ခွဲ၊ လူမှုနှင့်ယဉ်ကျေးမှုအဖွဲ့ခွဲ၊ သိပ္ပံ၊ နည်းပညာ၊ သုတေသနနှင့် ဆက်သွယ်ရေးသတင်းနည်းပညာအဖွဲ့ခွဲ၊ ဥပဒေရေးရာအဖွဲ့ခွဲတို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များအား ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကော်မရှင်အဖွဲ့ဝင်များ ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်က **"မူဆယ်မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ မူဆယ်မြို့အဝင် အေးရှားဝေါလ်ဂိတ်တွင် လမ်းကြောပိတ်ခြင်း၊ ယာဉ်ငယ်များဖြတ်သန်းသွားလာရန်ခက်ခဲခြင်း မဖြစ်စေရန် အတက်နှင့်အဆင်းတွင် မူလကတ္တား(၂)ခုအပြင် တစ်ဖက်လျှင် တစ်ခုစီ ထပ်မံတပ်ဆင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့အဝင် မုခ်ဦးမှ ကျယ်ခေါင်ဂိတ်အထိ (၂)မိုင် (၃)ဖာလုံ ရှည်လျားသော မြို့ရှောင်လမ်းအား ယခုအခါ မြို့နယ်စည်ပင်သာယာရေးအစီအစဉ်ဖြင့် သိန်းသန်းချီ ကုမ္ပဏီမှ တည်ဆောက်လျက်ရှိပါကြောင်း။

မူဆယ်မြို့အဝင်ဆိုင်းဘုတ်မှ ရထိုက်လမ်းဆုံအထိ မြို့ပတ်လမ်း(၂)မိုင် (၃)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ (၂၄)ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ Gourd Culvert (၇)ခုတည်ဆောက်ခြင်း၊ လမ်းဘေး(၂)ဖက်တွင် ရေမြောင်းအရှည်ပေ(၁၂၅၄၀) တူးဖော်ခြင်းနှင့် ရေမြောင်းဖုံးများ ပြုပြင်ခြင်း၊ Guard Post အမှတ်အသားပြဆိုင်းဘုတ်၊ ရောင်ပြန်မီးပွိုင့်များ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ငွေကျပ်(၁၆၈၅ ဒသမ ၅)သန်း ကုန်ကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိန်းသန်းချီ ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဘီအိုတီစနစ်ဖြင့် (၆)လအတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

မူဆယ်(၁၀၅)မိုင် မန့်ဝိန်းဂိတ်အထိ (၈)မိုင်ခန့် ခရီးအကွာအဝေးကို မူဆယ်မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ မူဆယ်ဂိတ်တွင် ကတ္တားချိန်တွယ်သည့် အသွား/အပြန် (၂)လမ်း၊ ယာဉ်ငယ် အသွား/အပြန် (၂)လမ်း၊ စုစုပေါင်း အသွား/အပြန် (၄)လမ်းရှိပါကြောင်း။

(၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ယာဉ်များကို နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအတွင်း သွားလာခွင့်ပြုသည်ဟု သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ယာဉ်များမှာ ဂိတ်ဖွင့်/ဂိတ်ပိတ်ချိန်များနှင့် တွက်ချက်သွားလာကြသဖြင့် အလုအယက်မောင်းနှင်ကြသောကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တတ်ကြောင်းနှင့် ကျန်အချိန်များတွင်မူ ယာဉ်ကြောပိတ်ဆို့မှု မရှိကြောင်းကို သိရှိရပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေက **"မင်းတပ်-မတူပီ ကားလမ်း လမ်းမကြီး မိုင်တိုင် (၃၇)မိုင်အထိ ဖောက်လုပ်ထားသည့် ရေရှောင်ဗျူဟာလမ်းအား အဆင့်မြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ **ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်းရှိ မင်းတပ်-မတူပီလမ်း၏ မိုင်တိုင် ၃၅/၀မှ ထီးလင်းမြို့နယ် ရွှေအောင်သာရွာအထိ ဖောက်လုပ်ထားသော ဂျစ်ကားလမ်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး ကျေးရွာများဖြစ်သည့် မနာတာ၊ မလိပ်ထို့၊ မသူး၊ ချပ်ရွာများသည် ထီးလင်းမြို့နယ် ရွှေအောင်သာကျေးရွာသို့ ဆက်သွယ်သောလမ်းများမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖောက်လုပ်သော ကျေးရွာချင်းဆက်လမ်းသာ ဖြစ်ပါကြောင်း။**

**ယခုတင်ပြသော မင်းတပ်-မတူပီလမ်းခွဲမှ ရွှေအောင်သာရွာအထိ အကွာအဝေးမှာ (၆၈)မိုင်ခန့်သာ ကွာဝေးပြီး ယာဉ်မောင်းချိန်(၃)နာရီခွဲခန့်သာ ကြာမြင့်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ တံတားများ တည်ဆောက်ပြီး ဖြစ်ကြောင်းနှင့် လတ်တလော အစီအစဉ်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၎င်းလမ်းအား သိမ်းသွင်းရန်နှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း**ဖြင့် ဖြေကြားသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးညဏ်လင်းက ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်တို့က **တောင်သူလယ်သမားများ၏ ကုန်ထုတ်စွမ်းအား ဆန်စပါးတိုးတက်မြင့်မားစေရေးအတွက် ဈေးကောင်းရမည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ (Good Quality Seed) နှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုစေရေးနှင့် လက်တွေ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်သော တောင်သူများကို ကျွမ်းကျင်၍ အတွေ့အကြုံရှိသော စိုက်ပျိုးရေးပညာရှင်များမှ လေ့ကျင့်ပညာပေးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်သော ဆန်စပါးသီးနှံများကို ပြည်တွင်းပြည်ပဈေးကွက်သို့ လွတ်လပ်စွာရောင်းချနိုင်ရေး ဈေးကွက်များ ဖန်တီးပေးရန်နှင့် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသော ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ စတင်၍ အခြေခံပညာကျောင်းများတွင် စိုက်ပျိုးရေးပညာပေးအစီအစဉ်များ ထည့်သွင်းသင်ကြားပေးမည့် အစီအစဉ်သည်လည်း လွန်စွာသင့်မြတ်လှပါကြောင်း**ဖြင့် ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ဘဝ လက်တွေ့ကျကျ အမှန်တကယ်တိုးတက်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး (Seed Production)၊ တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုနိုင်စေရေး၊ လေ့ကျင့်ပညာပေးရေး (Training and Education)နှင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Research and Development) တို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အထွက်နှုန်းကောင်း၊ အရည်သွေးကောင်း၍ ဈေးကွက်အလားအလာရှိသည့် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသော လုပ်ငန်းရှင်များ ပါဝင်ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အထူးအထွက်တိုး စပါးမျိုးထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မျိုးထုတ်လုပ်မှုလုပ်ငန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဧက(၁၀၀)၊ ဝမ်းတွင်းမြို့နယ် ရွှေတောင်စိုက်ပျိုးရေးခြံ၌ ဧက(၁၀၀)စုစုပေါင်း ဧက(၂၀၀)ကို တရုတ်စိုက်ပျိုးရေးပညာရှင်များဖြင့် ပူးပေါင်း၍ အထူးအထွက်တိုးစပါးမျိုးများ စိုက်ပျိုးထုတ်လုပ် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် သုတေသနခြံများကို မျိုးသန့်(၁၇)ခြံ၊ ဗဟိုခြံ(၇)ခု အပါအဝင် စုစုပေါင်း(၂၄)ခြံ တည်ထောင်ဆောင်ရွက်လျက်ရှိပါကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးတွင် ဓာတ်မြေဩဇာကို အချိန်ကိုက်အချိုးကျ ထည့်သွင်းအသုံးပြုရေး စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း တောင်သူလယ်သမားများ ဓာတ်မြေဩဇာကို လက်လှမ်းမီရယူအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

၎င်းအပြင် ရေကိုအကျိုးရှိစွာအသုံးပြုရေးအတွက် လယ်သမားများပါဝင်သည့် ဆည်ရေအသုံးပြုသူအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် နည်းပညာဖြန့်ဖြူးပေးသည့်လုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးနည်းလမ်းများကို ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ (Good Agricultural Practices) နှင့်အညီ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဖြန့်ဖြူးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင်းနှင့်ပုဂ္ဂလိကပိုင်းတို့မှ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံလုပ်ဆောင်လျက်ရှိသကဲ့သို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားများ တစ်ဦးချင်းအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ကြီးပွားတိုးတက်လိုစိတ် ဆန္ဒအပြည့်အဝဖြင့် ကိုယ်တိုင်ကိုယ်ကျ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ပူးပေါင်းပါဝင် ကြိုးစားကြရန်မှာ အဓိကလိုအပ်ချက် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့် **"ရှေးယခင်က ပညာမတတ်၍ လယ်လုပ်ရသည်ဆိုသည့် အတွေးအခေါ်ဟောင်းကိုပြုပြင်ပြီး ပညာတတ်၍ လယ်လုပ်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရန်"** ဆိုသည့် လမ်းညွှန်ချက်အပေါ်တွင် လာမည့်ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများ၌ စိုက်ပျိုးရေးဘာသာရပ်ကို ပြဋ္ဌာန်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြုစုတင်ပြထားရှိပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **"အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်ရည်ရွယ်၍ အခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုအား လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များပါရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၈)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုတင်သွင်းခြင်း၊ အဆို(၃)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခုအား ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

## တောင်ပိုင်းဒေသများတွင် ညအပူချိန်တိုးလာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

**ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် YCDC (မြကန်သာ) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

## (၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၉ ဦးတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း (၂၀)ကို တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အဆိုတင်သွင်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းများ တည်ဆောက်နိုင်သော မြစ်ကမ်းဘေးများတွင် အများပြည်သူသုံး သင်္ဘောဆိပ်ကမ်းများ တည်ဆောက်ပေးနိုင်ရေး အဆိုနှင့် တိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးသူငယ်များနှင့် စာသင်သားတို့ အာဟာရပြည့်ဝ၍ ဘေးကင်းသော စားသောက်ဖွယ်ရာ စားသုံးနိုင်ရေးကိစ္စ အဆိုနှစ်ရပ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

## ရုပ်မြင်ခံစား ရုပ်မြင်သံကြားအစီအစဉ်များ

### MRTV-4

**၂၁-၂-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၅:၄၀ **ဓမ္မသာအားကိုးပါ** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
၉:၃၅ Cartoon Show Time (The Return of Jafar)
၁၀:၂၅ Celebrity Style(ရန်ရန်ချန်း၊ ချီလီ)
၁၁:၃၀ Activities in the City (သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်)
၂:၂၀ Wedding Season (Part-12)
၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တေးသွားကေရီ** (အပိုင်း-၂၃)

### မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၃ ခုနှစ် တပို့တွဲလကွယ်နေ့ (ဥပုသ်နေ့)**
**၂၁-၂-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၅၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၄။ နှောင်းခေတ်တေးပဒေသာ
၈:၄၀ ၅။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

**ညပိုင်း**

၄:၃၀ ၁။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၅:၃၅ ၂။ **စိတ်အပန်းဖြေစရာ တို့ချောင်းသာ**
၅:၄၅ ၃။ **လက်တစ်ကမ်း**
၈:၀၀ ၅။ ပြည်တွင်းသတင်း

**ဖေဖော်ဝါရီ ၁၁ ရက်က အမှတ် (၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ပညာရည်ချွန် ဆုပေးပွဲနှင့် ၂၀၁၁-၂၀၁၂ ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ သူငယ်တန်းနှင့် ပထမတန်းတို့တွင် နှစ်နှစ် ဆက်တိုက်ဆုရရှိသော မသက်နှင်းစုအား ဆရာမကြီး ဒေါ်သာနုအေး ဆုချီးမြှင့်စဉ်။** (၁၂၂)

# စစ်ကိုင်းတိုင်းဒေသကြီး၌ ကတ္တရာလမ်းသစ်များဖွင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပစ္စည်းများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဖေဖော်ဝါရီ ၁၂ ရက်က မုံရွာမြို့ အေးသာယာရပ်ကွက် အမှတ် (၂၊ ၃၊ ၄)လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုသည်။**

အဆိုပါလမ်းသစ် အမှတ်(၂)သည် အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေဖြစ်ပြီး အမှတ်(၃) လမ်းသစ်သည် အရှည်ပေ ၅၇၀၊ အကျယ် ၁၂ ပေ၊ အမှတ်(၄) လမ်းသစ်သည် အရှည် ၆၁၁ ပေ၊ အကျယ် ၁၂ ပေဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့နယ် ဗောဓိတထောင်- ကျောက္ကာရွှေဂူနီဖြတ်လမ်း ပြောင်းဖူးစေ့ ကျောက်စီလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍လမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ပြောင်းဖူးစေ့ကျောက်စီလမ်းသည် အရှည် ၃ မိုင် ၃ ဖာလုံ၊ အကျယ် ၁၄ ပေ ဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၃ ရက်က မုံရွာမြို့ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ ပေါင်းစည်းလယ်ယာမြေ စံပြစိုက်ခင်း၌ ကုလားပဲ၊ နေကြာ၊ ငွေချည်(၆)ဝါ၊ ကြက်သွန်၊ ပြောင်းဖူးနှင့်ကြားစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့ အစိုးရအထက်တန်း ရက်ကန်းကျောင်းသင်တန်းခန်းမ၌ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းသင်တန်း အမှတ်စဉ် (၃/၂၀၁၂) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းခန်းမ၌ပြသထားသော သဘာဝသစ်သီးဖျော်ရည်ပုလင်းများအား ကြည့်ရှုအားပေးပြီး အစိုးရအထက်တန်းရက်ကန်းကျောင်း၏ ရက်ကန်းစင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မုံရွာမြို့နယ် ဂျိုးစုကျေးရွာ၌ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပစ္စည်းများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဂျိုးစုကျေးရွာအတွက် နေရောင်ခြည်သုံး ဆိုလာပစ္စည်းများကို ဂျိုးစုကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂျိုးစုကျေးရွာ မီးလင်းခြင်းအထိမ်းအမှတ်အဖြစ် နေရောင်ခြည်စွမ်းအင်သုံး မီးသီးများကို ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့နယ် ချမ်းသာကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ချမ်းသာကျွန်း-အမြင့်လမ်း အရှည်ပေ ၂၄၅၀၊ အကျယ် ၄ ပေ ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားရိုးရာပဒေသာကပွဲ ရမည်းသင်း၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ကိုယ်ကာယအလှမောင်၊ ကိုယ်ကာယအလှမယ်ရွေးချယ်ပွဲကို ရမည်းသင်းမြို့ သီလဝခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာပဒေသာကပွဲတွင် ပါဝင်ကပြကြသော ရမည်းသင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ပျော်ဘွယ်မြို့ ပန်းစုံအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ကို ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဂုဏ်ပြုပန်းခြင်းနှင့်ဆုငွေများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကာယဗလမောင် အငယ်ပြိုင်ပွဲတွင် ရမည်းသင်းမြို့မှ ပထမ နောင်နောင်၊ ဒုတိယ ကျော်မင်းထွန်းနှင့် တတိယ သန်းစိုး (ပျော်ဘွယ်)၊ အကြီးတန်းပြိုင်ပွဲတွင် ရမည်းသင်းမှ ပထမ အောင်မြတ်ကျော်၊ ဒုတိယ အောင်မြင့်မြတ်နှင့် တတိယ မျိုးမင်းသိုက်တို့က ရရှိကြပြီး ကိုယ်ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ မလဲ့သန္တာညွန့်ဦး(နည်းပညာတက္ကသိုလ်) ရမည်းသင်းမြို့၊ ဒုတိယ မနှင်းအိဖြိုး (နည်းပညာတက္ကသိုလ်)ရမည်းသင်းမြို့နှင့် တတိယ မပိုးအိဖြူ(ပျော်ဘွယ်မြို့)တို့မှ ရရှိကြရာ ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၄၀၆)**

# ထန်းတပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာသို့ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Dirk Niebel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက်က ရောက်ရှိခဲ့ရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Malteser နှင့် GAA အဖွဲ့များမှ ထန်းတပင်မြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဂျာမနီနိုင်ငံဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်နှင့်ကျေးရွာအတွင်း Malteser နှင့် GAA အဖွဲ့တို့က ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(၀၄၈)**

# သုံးဆယ်မြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပ

သုံးဆယ် ဖေဖော်ဝါရီ ၂၀

သာယာဝတီမြို့နယ် သုံးဆယ်မြို့ အထကကျောင်းသား ကျောင်းသူဟောင်းများက အသက် (၆၀) ပြည့်ဆရာကြီး ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ပီမိုးနင်းခန်းမ၌ ကျင်းပရာ ဆရာ ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တိရစ္ဆာန်ကူးစက်ရောဂါအကြောင်း မိုးမောက်မြို့နယ်၌ ဟောပြော

မိုးမောက် ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ရှိ ကျေးရွာများတွင် တိရစ္ဆာန် ကူးစက်ရောဂါအကြောင်းနှင့် ကူးစက်ရောဂါကြောင့်သေဆုံးသောတိရစ္ဆာန်များကို စနစ်တကျ ဖျက်ဆီးမြှုပ်နှံရေး အကြောင်းသိကောင်းစရာများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်ဗိုလ်ထွေးနှင့်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ကွင်းဆင်းပြီး ဟောပြောကြသည်။

**ဖြန့်ဝေ**

အဆိုပါ ကျေးရွာများတွင် ကျွဲ၊ နွား၊ ပေါင်ပုပ်/လက်ပုပ်ရောဂါ၊ ထောင့်သန်းရောဂါ၊ ခွာနာလျှာနာရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါများအတွက် ကာကွယ်ပိုးသတ်ဆေး အခမဲ့ဖျန်းခြင်းနှင့် ဝက်သန်ချဆေးများကို အခမဲ့ဖြန့်ဝေခဲ့ကြသည်။

ထို့နောက် ကျွဲ၊ နွား ၃၅၀ အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းတိုင်းဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သင်တန်းသား သင်တန်းသူ ၂၅၂ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကဲ့သို့ အပတ်စဉ်(၂/၂၀၁၂) တွင် မိန်းမဝတ်၊ ကလေးဝတ်၊ သိုးမွေး၊ ဇာထိုးပန်းထိုး၊ ကျားရုပ်၊ ဘော်လီ ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာ(စက်ချုပ်)၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင်၊ (အခြေခံ/အဆင့်မြင့်)၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုးသင်တန်းများကို ဖေဖော်ဝါရီ ၂၀ ရက်တွင်လည်းကောင်း၊ (စနေ၊တနင်္ဂနွေ) နှစ်လသင်တန်းများကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(အိမ်တွင်းမှုကျောင်း)**

# မော်လမြိုင်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၀

မော်လမြိုင်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကကြီးမှူးကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဒသမအကြိမ် အထူးပြုဘာသာရပ်အလိုက် ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီက မော်လမြိုင် တက္ကသိုလ်ဝင်းအတွင်းရှိ ဗုဒ္ဓဘာသာအသင်း ဓမ္မာရုံရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ မော်လမြိုင်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာငွေးအောင်၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ မော်လမြိုင်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာငွေးအောင်က ပထမဆုရ မြန်မာစာအသင်းအားလည်းကောင်း၊ ဒုတိယဆုရ အဏ္ဏဝါသိပ္ပံအသင်း၊ တတိယဆုရ ဒဿနိကဗေဒအသင်းတို့ကို တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၀၇)**

# အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

## စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ သရက်မြို့နယ် ဘော်ကျေးရွာ၌ကျင်းပ

*မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ဘော်ကျေးရွာသုတဘာဏ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သရက်ခရိုင် အုပ်ချုပ်ရေးမှူးဦးမြအေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ယာပုံ)*

*ရှင်းလင်းပြောကြား*

*အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးအေးဖေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။*

*သရက်ခရိုင် အုပ်ချုပ်ရေးမှူးက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀ နှင့် စာအုပ်စာစောင် ၅၀၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှက စာအုပ်စာစောင် ၂၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က စာအုပ်စာစောင် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံး၊ စာအုပ် စာစောင် ၁၀၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာအုပ် ၂၀၆ အုပ်၊ ဌာနဆိုင်ရာများနှင့်စေတနာရှင်များက စုစုပေါင်းအလှူငွေကျပ် ၃၃၀၀၀ နှင့် စာအုပ် စာစောင် ၁၂၀၀ လှူဒါန်းကြသည်။*

*အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများမှ ငွေကျပ် သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်း ခင်းတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)*

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

# မူဆယ်၌ စာကြည့်တိုက်သစ်ဖွင့် စာအုပ် စာစောင်နှင့် ပရိဘောဂများ လှူဒါန်း

*မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာတွင် ပညာ့ဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ပရိဘောဂများ လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါစာကြည့်တိုက်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့်နမ့်အွမ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းကျင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။*

*ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးနှင့် စံ(၅)ရပ်နှင့်ပြည့်မီသော စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀ သိန်းကို နမ့်အွမ်ကျေးရွာ အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။ ဆက်လက်၍ အလှူရှင် ၃၂ ဦးတို့က စာအုပ် စာစောင်၊ ပရိဘောဂနှင့် အလှူငွေများကို လှူဒါန်းသည်။ စာကြည့်တိုက် အဆောက်အအုံ၏ အကျယ်အဝန်းမှာ ၂၆ ပေ ×၁၆ ပေဖြစ်ကြောင်းသိရှိရသည်။*

*(ခရိုင် ပြန်/ဆက်)*

# ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

## မေးခွန်း (၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အရေးကြီးအဆို (၁)ခု တင်သွင်းခြင်းနှင့် ကော်မရှင်ဝင် ဖြည့်စွက်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၅၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အရေးကြီး အဆို (၁)ခု တင်သွင်းခြင်းနှင့် ကော်မရှင်ဝင် ဖြည့်စွက်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အမည်စာရင်းပေး

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **ရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း** ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်း ဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည် ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်" တိကျစွာဖော်ပြ၍ ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း သိရသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌** နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်၏ **ဒေသခံပြည်သူများ ဝမ်းစာအတွက် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အတွင်းရှိ ဆေးဖက်ဝင် ရှီးပတီးနှင့် အခြားဆေးဖက်ဝင် သစ်မြစ်သစ်ဥများ ရှာဖွေရောင်းဝယ်ခွင့် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်မှာ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်အတွင်းရှိ မြေဧရိယာအကျယ်အဝန်း (၁၄၇၂)စတုရန်းမိုင် (၉၄၂၀၈၀ ဧက) အား ၁၉၉၆ ခုနှစ်တွင် ခါကာဘိုရာဇီ သဘာဝနယ်မြေအဖြစ် သတ်မှတ်တည်ထောင်ရန် ကြေညာခဲ့ပါကြောင်း၊ ယင်းသဘာဝနယ်မြေအား ၁၉၉၄ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

## မေးခွန်း (၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံစာ (၁)ခု၊ အဆို (၃)ခု တင်သွင်းခြင်းနှင့် အဆို (၁)ခုအား ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

### သဲသောင်များပေါ်ထွန်း

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက **"ဧရာဝတီမြစ်ရေလမ်းကြောင်း ပြုပြင်ပြောင်းလဲ ထိန်းသိမ်းပေးနိုင်ရေး"** နှင့်စပ်လျဉ်း၍ မေးမြန်းရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ဝတ်လွတ်ကျေးရွာအုပ်စု၊ ရုံးဆိပ်ကျွန်းကျေးရွာအုပ်စုနှင့် ဝက်မစွတ်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း (၁၃)ရွာတွင် ဧရာဝတီမြစ်၏ ရေနက်ကြောင်း ကမ်းပါးကပ်၍ စီးဆင်းခြင်း၊ ကမ်းပါးမြေသား ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် ရေတိုက်စားမှုများ ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ရေနံချောင်းမြို့၏ မြစ်ညာဘက်ရှိ ပင်းချောင်းအဝမှ ကျဆင်းသော သဲနုန်းများကြောင့် ရေနံချောင်းမြို့ရှေ့တွင် သဲသောင်များလည်း ပေါ်ထွန်းရပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၌ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းတိုက်နယ်အတွင်းရှိ ကျီးကုန်းကျေးရွာအုပ်စု ကမ်းထိန်းကာကွယ်ရေး၊ အောင်လံမြို့ ကမ်းပြိုကာကွယ်ရေး၊ ဇလွန်မြို့ ကမ်းထိန်းလုပ်ငန်း စသည့် ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းများ၊ ဗန်းမော်ရေလမ်းကောင်းမွန်ရေး၊ လက်ဆောင်ယူရေလမ်းကောင်းမွန်ရေးနှင့် မကွေးတံတားအဝင်ရေလမ်းကောင်းမွန်ရေး စသည့် ရေလမ်းကြောင်းပြုပြင်ပြောင်းလဲထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)


မြန်မာ့အလင်း ပတ်စရာ၊ မှတ်စရာ သတင်းအညွှန်း

ကမ္ဘာပေါ်၌ အသေးငယ်ဆုံး ရင်သွေးငယ် ဆေးရုံမှဆင်းပြီ စာ-၄

လေဆိပ်လုံခြုံရေး တီ-၃ အီလက်ထရစ်ယာဉ်များ စင်ကာပူ၌ ထားမည် စာ-၄

တရုတ်နိုင်ငံအလယ်ပိုင်းတွင် အကြီးဆုံးရှော့ပင်းမောသုံးခု ဂျပန် တည်ဆောက်မည် စာ-၄

အမျိုးသမီး ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲ၌ မြန်မာပြည် စံချိန်သစ် တင်သူ ထွက်ပေါ် စာ-၅